# မြန်မာနိုင်ငံအတွင်း အာဏာသိမ်းကာလအလွန် ဗန္ဓာတ် (ထွေးရောယှက်တင်) စီမံအုပ်ချုပ်မှုပုံစံများ အပိုင်း (၁)

## တော်လှန်နယ်မြေသစ်များနှင့် ဆင့်ကဲပြောင်းလဲလာသည့် တော်လှန်နယ်မြေများရှိ ကွပ်ကဲမှု၊ အုပ်ချုပ်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုပေးရေး လုပ်ငန်းများ


စက်တင်ဘာလ၊ ၂၀၂၂ ခုနှစ်

အမှီအခိုကင်းသော
သုတေသန
ကွန်ရက်

ဤစာမျက်နှာအား သီးသန့် ချန်လှပ်ထားခြင်း ဖြစ်ပါသည်။

# မာတိကာ


အစီရင်ခံစာ အနှစ်ချုပ်........ ၁

နိဒါန်း........ ၅

သုတေသန ချဉ်းကပ်မှုပုံစံ........ ၇

နည်းနာဗေဒ နှင့် ချဉ်းကပ်မှုနည်းလမ်း........ ၇

အယူအဆရေးရာ မူဘောင်........ ၇

အပိုင်း (၁) အာဏာသိမ်းကာလအလွန် အသစ်ဖြစ်ပေါ်လာသော၊ ဆင့်ကဲ ပြောင်းလဲလာသော အုပ်ချုပ်မှုအာဏာဖွဲ့စည်းပုံများ........ ၁၀

တော်လှန်ရေး နယ်မြေသစ်များရှိ အသစ်ပေါ်ထွန်းလာသော အုပ်ချုပ်မှုပုံစံ........ ၁၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လက်နက်ကိုင်တော်လှန်ရေး နှင့် အသစ်ပေါ်ထွန်းလာသော အုပ်ချုပ်ရေး........ ၁၃

ချင်းပြည်နယ်ရှိ ဆင့်ကဲပြောင်းလဲလျက်ရှိသော အုပ်ချုပ်ရေး........ ၁၆

ရခိုင်ပြည်နယ်ရှိ ဆင့်ကဲပြောင်းလဲနေသော လူမှုအုပ်ချုပ်ရေး........ ၁၈

အပိုင်း (၂) ဗန္ဓာတ် (ထွေးရောယှက်တင်) အုပ်ချုပ်မှုအောက် ပြည်သူလူထု၏ အတွေ့အကြုံများ........ ၂၂

တရားစီရင်ရေးနှင့် ဥပဒေအရ အငြင်းပွားမှု ဖြေရှင်းခြင်း........ ၂၃

ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုများ........ ၂၇

ပညာရေးကဏ္ဍ ပံ့ပိုးကူညီမှု........ ၃၀

အပိုင်း (၃) သက်ရောက်မှုအကျိုးဆက်များနှင့် နိဂုံး........ ၃၂

# အစီရင်ခံစာ အနှစ်ချုပ်

- ၂၀၂၁ ဖေဖော်ဝါရီ အာဏာသိမ်းမှုနောက်ပိုင်း ဒေသန္တရအုပ်ချုပ်ရေးကို စစ်အုပ်ချုပ်ရေးဖြင့် ပြန်အသက်သွင်း လိုသည့် နစကေ၏ လုပ်ဆောင်လာမှုများက မြန်မာနိုင်ငံ၏ အစိုးရအုပ်ချုပ်ရေးနှင့် (ပြည်သူ့) ဝန်ဆောင်မှု လုပ်ငန်း များကို ပြိုလဲသွားစေခဲ့သည်ကို မြေပြန့်နှင့် အပူပိုင်း(အညာ)ဒေသ ကျေးလက်များတွင် အများအားဖြင့် တွေ့ရ သည်။ ထိုသို့ပြိုလဲ လစ်လပ်နေသည့် အနေထားက စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များတွင်လူသစ်/ခေါင်းဆောင်သစ်များကို ပေါ်ပေါက်လာစေခဲ့ပြီး အုပ်ချုပ်ရေး နှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အစားထိုးဝင်ရောက်နေရာယူလာသည်ကို တွေ့ရသည်။ ယင်းလူသစ်များမှာ တော်လှန်ရေးအင်အားစုများနှင့် ပတ်သက်ဆက်နွယ်သူများဖြစ်ကြောင်း မကြာခဏ ဆိုသလိုတွေ့လာရသည်။
- အစိုးရ(အုပ်ချုပ်သူ)မဟုတ်သော လူမှုလူတန်းစားများက ဖြည့်ဆည်းပေးနေသည့် လုပ်ငန်းဆောင်တာများသည် နောက်ခံ အခြေအနေပေါ် မူတည်ပြီး အတော်အတန် ကွဲပြားကြသည်။ အတွေ့ရများသည်မှာ ကွန်ယက်များ၊ အဖွဲ့အစည်းများ နှင့် အာဏာသိမ်းမှု မတိုင်ခင်ကတည်းက ရှိခဲ့သည့် ဓလေ့များကို အခြေပြုလျက် ယင်းလုပ်ငန်း ဆောင်တာများကို လုပ်ဆောင်ကြသည်ကိုတွေ့ရသည်။ ထိုလုပ်ငန်းများမှာ ကျန်းမာရေး၊ပညာရေး အပါအဝင် တရားရေးနှင့် အငြင်းပွါးမှု ဖြေရှင်းရေးတို့ ပါဝင်သည်။
- အမျိုးမျိုးသော နောက်ခံ အခြေအနေများအကြားတွင် လက်နက်ကိုင် တော်လှန်ရေးအင်အားစုများသည် ကျေးရွာ အဆင့်၊ မြို့နယ် အဆင့် နှင့် ဒေသအဆင့် အရပ်ဖက်အုပ်ချုပ်ရေး ဖွဲ့စည်းပုံတွင် အခန်းကဏ္ဍ အမျိုးမျိုးမှ ပါဝင်နေကြသည်။ ဒေသနောက်ခံအခြေအနေပေါ်မူတည်ပြီး စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်များသည် လည်းကွဲပြားခြားနားမှုရှိရာ၊ လေ့လာအကဲဖြတ်ထားသော မြို့နယ်များနှင့် ဒေသများတွင် လက်နက်ကိုင်တော်လှန်ရေး နှင့် အုပ်ချုပ်ရေးနယ်ပယ်ကို သီးခြားစီ ခွဲခြားနိုင်ရန် ကြိုးစားအားထုတ်မှုများကိုလည်းတွေ့ရသည်။
- စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ် နေရာ အတော်များများတွင် နစကေ၏ ဌာနဆိုင်ရာများသည် မြို့ပေါ်မှလွဲ၍ မြို့ပြင်ပဒေသများတွင် လုပ်ငန်းလည်ပတ်နိုင်ခြင်း မရှိတော့ပေ။ ယင်းသို့ မလည်ပတ်နိုင်မှုများကြောင့် အထူးသဖြင့် ကျေးလက်နေလူထု၏ တိုက်နယ်အဆင့် ပညာရေး၊ ကျန်းမာရေးစနစ်များသည် ပြိုကွဲသွားခဲ့သည်။ ဤအခြေအနေ၌ စာသင်ကျောင်း၊ ဆေးပေးခန်း၊ တရားစီရင်ရေး စသည့် အများပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဒေသခံပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များက ပရဟိတ အသင်းများ၊ လုပ်အားပေးများ၊ သပိတ်မှောက် အစိုးရဝန်ထမ်းများ နှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိပြီး စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို ရပ်ရွာအဆင့်တွင်ပင် ချမှတ်ဆောင်ရွက်လာကြသည်။ တော်လှန်ရေးနှင့် အုပ်ချုပ်ရေးဘက် တွင် အသက် ၃၅ အောက်လူငယ်များ အများအပြားပါဝင် နေကြသည်ကိုတွေ့ရပြီး ချင်းပြည်နယ်တွင်မူ လူမျိုးစု အကြီးအကဲများသည်လည်း အရေးပါသော အခန်းကဏ္ဍမှာ ပါဝင်နေသည်။
- တမူထူးခြားစွာတွေ့ရသည်မှာ ရခိုင်ပြည်နယ်နေရာအများစုတွင် ကျန်းမာရေး၊ သားဖွားမိခင်နှင့် သက်ကြီးရွယ်အို ငွေကြေးထောက်ပံ့မှု၊ ငွေချေးလုပ်ငန်း စသည့် ပြည်သူ့ ဝန်ဆောင်မှုများကို အများအားဖြင့် အနှောက် အယှက် ကင်းကင်း လုပ်ဆောင်နေနိုင်သည်။ အကြောင်းမှာ ရခိုင့်တပ်တော် နှင့် ၎င်း၏ နိုင်ငံရေးဦးဆောင်အဖွဲ့ဖြစ်သော ရခိုင်အမျိုးသားအဖွဲ့ချုပ်တို့က နစကလက်အောက်ခံ ဌာနဆိုင်ရာဝန်ထမ်းများနှင့်  ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း အားဖြင့် နစက၏ ရှိပြီး ဝန်ဆောင်မှုများကို လိုက်လျောညီထွေ ဖြစ်အောင်ဆောင်ရွက်လျက် ၎င်းတို့၏ နိုင်ငံရေးဆိုင်ရာ အစီအစဉ်များကို အကောင်အထည်ဖော်နေခြင်းကြောင့်ဖြစ်သည်။

- တရားရေးဆိုင်ရာ ကိစ္စတွင်လည်း နောက်ခံအခြေအနေပေါ် မူတည်၍ ကွဲပြားခြားနားသည်။ ချင်းပြည်နယ် တောင်ပိုင်းရှိ ကျေးရွာအဆင့် အငြင်းပွါးမှုများအများစုကို ဖြေရှင်းရာတွင် ကြားနေညှိနှိုင်းပေးနိုင်သူ(အောင်တမန်)က ကြားဝင်ညှိနှိုင်းခြင်းအားဖြင့် ပြီးပြတ်ကြသည်။ ရခိုင်ပြည်နယ်တွင်မူ ရခိုင်အမျိုးသားအဖွဲ့ချုပ်က နစက၏ တရားရုံး များနှင့် လုပ်ထုံးလုပ်နည်းများနှင့် အပြိုင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် တရားရုံးများကို အာဏာသိမ်းစကတည်းက ထူထောင်ထားသည်။ တရားစီရင်ရာတွင် မြန်မာတရားရုံးများ၏ လုပ်ထုံးလုပ်နည်းများအတိုင်း မသွားပဲ ဒေသဓလေ့များကို အလေးပေးကျင့်သုံးသည်။ နေ့စဉ်ရက်ဆက် ဖြစ်ပွားနေသော ပဋိပက္ခများ ကြောင့်ဖြစ်ပေါ်လာသည့် မတည်ငြိမ်မှုများက NUG ၏ စစ်ကိုင်းတိုင်းတွင် မြို့နယ်အဆင့် တရားစီရင်ရေး ယန္တယား တည်ထောင်ရန် အား ထုတ်မှုများကို အဟန့်အတားဖြစ်စေသည်။ ဒေသခံ ပြည်သူ့ကာကွယ်ရေး အဖွဲ့များနှင့် ဒေသခံ ပြည်သူ့အုပ်ချုပ် ရေး အဖွဲ့များကြား ညှိနှိုင်းဆောင်ရွက်ရာတွင် အကန့်အသတ်များ ရှိနေခြင်းကလည်း အဟန့်အတားဖြစ်နေသည်။

- အမျိုးသားညီညွတ်ရေးအစိုးရ၏ ဩဇာသက်ရောက်မှုသည်လည်း (အခြေအနေပေါ်မူတည်ပြီး) ကွဲပြားခြားနား မှုရှိသည်။ အချို့အခြေအနေများတွင် ဒေသခံစီမံအုပ်ချုပ်သူများသည် စစ်တွင်းကာလ ရဲ လုပ်ငန်း၊ တရားစီရင်ရေး စသည်တို့ကိုဆောင်ရွက်ရာ၌ NUG ၏လမ်းညွှန်များအတိုင်း လုပ်ဆောင်ကြသည် များလည်းရှိသည်။ သို့ရာတွင် ဒေသခံ တော်လှန်ရေးအင်အားစုများ ထူထောင်ထားသော ဆေးပေးခန်းများနှင့် စာသင်ကျောင်းများ အပါအဝင် စီမံအုပ်ချုပ်ရေး လုပ်ငန်းစဉ်မှာ အများအားဖြင့် ကိုယ်ထူကိုယ်ထလုပ်ကိုင်ကြသည်ကိုတွေ့ရပြီး NUG မှ ပစ္စည်းပစ္စယ အထောက်အပံ့ကို အနည်းငယ်သာ ရရှိ/ရယူလျက် ရှိသည်။

- စစ်ကိုင်းမြောက်ပိုင်းတွင်တော့ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) နှင့်ဒေသခံပြည်သူ့ကာကွယ်ရေးတပ် (PDF) များအကြား အားကောင်းသော ကွပ်ကဲမှုနှင့် ညှိနှိုင်းဆောင်ရွက်မှုရှိနေပြီး NUG ၏တာဝန်ခံမှုကို အထောက် အကူဖြစ်စေသည်။ စစ်ကိုင်းတိုင်းတောင်ပိုင်းမြို့နယ်များရှိ ဒေသခံပြည်သူ့ကာကွယ်ရေးတပ် (PDF)များအချင်းချင်းအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုမှာမူ ပုံစံအမျိုးမျိုးကွဲပြားပြီး အလွတ်သဘောဆန်သည့်ဆက်သွယ်မှုပုံစံမျိုး ပိုမိုအားကောင်းသည်။ ထိုဒေသရှိတော်လှန်ရေးတပ်ဖွဲ့များသည် တဖွဲ့နှင့်တဖွဲ့ကြား အမှီသဟဲပြုမှုနှင့် NUG ၏ကြီးကြပ်မှုမှ ပိုမိုကင်းလွတ်သည်ဟုဆိုနိုင်သည်။ စစ်ကိုင်းတိုင်းတွင် လက်နက်ကိုင်တော်လှန်ရေးနှင့် အုပ်ချုပ်ရေး စနစ်ကို ပေါင်းစပ်ညှိနှိုင်းပေးမည့် တိုင်းဒေသကြီး အဆင့် စုဖွဲ့မှုမျိုး ရှိမနေသည်မှာ ချင်းနှင့် ရခိုင်ပြည်နယ်တို့နှင့် မတူသည့်ခြားနားချက်ဖြစ်သည်။ နစကတပ်များ၏ မြေပြင်ကစစ်ကြောင်းထိုး၊ ဝေဟင်ကဗုံးကြဲ တိုက်ခိုက်မှုများကို ပုံမှန်ရင်ဆိုင်နေရသည့် အခြေအနေအောက်တွင် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၏ စစ်ရေးနှင့် ပြန်ကြားရေးဆိုင်ရာ အခန်းကဏ္ဍ များ ကြီးထွားလာခြင်းက လက်နက်ကိုင်တော်လှန်ရေးနှင့် အရပ်ဖက်အုပ်ချုပ်ရေးတို့ကြား ခြားထားသော စည်းကို မှုံဝါးစေသည်။ ထိုအခြေအနေသည်ပင်လျှင် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ဝင်များအား ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ကော်မတီများတွင် ပါဝင်စေကို ဖြစ်ပေါ်စေသည်။

- NUG နှင့် NUG ၏ကာကွယ်ရေးဝန်ကြီးဌာနတို့နှင့်ဆက်သွယ်ရေး အပါအဝင် ချင်းပြည်နယ်အတွင်းရှိ နစကတော် လှန်ရေးအင်အားစု၏ အုပ်ချုပ်ရေးနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုကို ပြည်နယ်အဆင့် ကော်မတီများ အနေဖြင့် တွေ့ရသည်။ ယင်းကော်မတီများတွင် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့ များမှ ကိုယ်စားလှယ်များ၊ အရပ်ဖက် အဖွဲ့အစည်းများ နှင့် ၂၀၂၀ နိုင်ငံဝင်ဘာ ရွေးကောက်ခံ နိုင်ငံရေးသမားများ စသည်ဖြင့် ပါဝင်သည်။ ချင်းပြည်နယ်တွင် ဒေသခံတော်လှန်ရေးတပ်ဖွဲ့ဝင်များသည် တိုက်နယ်/အုပ်စုအဆင့် စီမံအုပ်ချုပ်ရေးပိုင်းတွင် အလွတ်သဘောသာပါဝင်ကြသည်။ နစက၏ မြို့နယ်အဆင့် အောက်ပိုင်း အုပ်ချုပ်ရေးပျက်ပြားသွားသည့်နောက် အာဏာသိမ်း မှု မတိုင်ခင် ကတည်းကရှိနေ

သော လူမျိုးစုအကြီးအကဲများ၏အခန်းကဏ္ဍ နှင့် ဒေသဓလေ့အခြေပြု ပဋိပက္ခ ဖြေရှင်းရေးစနစ်များမှာ ပိုမိုအရေးပါလာသည်။ အုပ်ချုပ်ရေးပိုင်းတွင် ပါဝင်သောသူအချို့က (သုတေ သနမေးခွန်းများကို) ဖြေကြားရာတွင် အုပ်ချုပ်ရေးပိုင်းနှင့် လက်နက်ကိုင်များအကြား သီးသီးခြားခြား ဖြစ်နေစေရန်အတွက် သေသေချာချာ သတိထား ရွေးချယ်ခဲ့ကြောင်း ရှင်းပြကြသည်။

- ရခိုင်ပြည်နယ်ရှိ အုပ်ချုပ်မှုပုံစံကို ရခိုင့်တပ်တော် AA မှ ဒေသခံတပ်မှူးများနှင့် နိုင်ငံရေး ဦးဆောင်အဖွဲ့ ဖြစ်သော ရခိုင်အမျိုးသားအဖွဲ့ချုပ်ကိုယ်စားလှယ်များက ပူးပေါင်းညှိနှိုင်း အုပ်ချုပ်သည့် ပုံစံဖြင့်သွားနေသည်။ ဒေသလုံး ဆိုင်ရာ(ပြည်နယ်) အုပ်ချုပ်ရေးအဖွဲ့တွင်  ရခိုင့်တပ်တော်နှင့် ရခိုင်အမျိုးသားအဖွဲ့ချုပ် တို့မှ ကိုယ်စားလှယ်များ ဖြင့် စုဖွဲ့ထားပြီး ၎င်းအဖွဲ့သည် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ကြီးကြပ်မှု အာဏာပိုင်အနေဖြင့် ဆောင် ရွက်သည်။ ထို့ပြင် လက်အောက်ခံ အုပ်ချုပ်ရေးအဖွဲ့များသို့ လမ်းညွှန်ချက်၊ညွှန်ကြားချက်များ ပေးခြင်းအပြင် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင် အနေဖြင့်လည်း ဆောင်ရွက်သည်။ ရခိုင့်အမျိုးသားအဖွဲ့ချုပ်သည် ရှိနှင့်ပြီး သား အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ယန္တယားကို တစိတ်တပိုင်းအနေဖြင့် ညှိနှိုင်း စည်းရုံး ဆောင်ရွက်သည် ကိုတွေ့ရသည်။ ရခိုင့်အမျိုးသားအဖွဲ့ချုပ် သည် မီးဖွားမိခင်နှင့် သက်ကြီးရွယ်အိုများကို ငွေကြေးထောက်ပံ့သည့် လုပ်ငန်းများကဲ့သို့သော နစက ကဆောင်ရွက်နေသည့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ရန် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးများကို အသိအမှတ်ပြု လုပ်ဆောင်ခွင့်ပေးထားသည်။ အခွန်အခ ကောက်ခံခြင်းကဲ့သို့သော ဌာနဆိုင်ရာလုပ်ငန်းများကိုလည်း ခွင့်ပြုပေးထားသည်။

- အာဏာသိမ်းမှုအလွန် တဆင့်ပြီးတဆင့် ပြောင်းလဲလာသော စီမံအုပ်ချုပ်ရေးနှင့် လူမှုရေး ကဏ္ဍများတွင် ပါဝင်နေသည့် အစိုးရမဟုတ်သည့်တော်လှန်ရေးအင်အားစုများ၏ လုပ်ဆောင်ချက် များမှ မီးမောင်းထိုးပြနေသည်မှာ ပဋိပက္ခဒဏ်ခံ ဒေသများသို့ မရှိမဖြစ် လိုအပ်လျက် ရှိသော အများပြည်သူ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အရပ်ဖက် အဖွဲ့အစည်းများ/ လှုပ်ရှားဆောင်ရွက်သူများထံ နည်းပညာ၊ ဘဏ္ဍာငွေကြေး၊ အထောက်အကူပစ္စည်းများ ထိထိရောက်ရောက်ပေးရန် လိုအပ်နေခြင်းပင် ဖြစ်သည်။

- နိုင်ငံတကာ အလှူရှင်များအနေဖြင့်လည်း အထက်ပါအဖွဲ့များနှင့် ထိတွေ့ဆောင်ရွက်ရန် လိုအပ်ပြီး အလိုအပ်ဆုံးသော ဝန်ဆောင်မှုများကို ထောက်ကူပေးနိုင်မည့်အစီအစဉ်များအပြင် အရပ်ဖက် အုပ်ချုပ်ရေးတွင် လက်နက်ကိုင်တပ်သားများ၏ စစ်အတွင်းကာလ အခန်းကဏ္ဍကို သင့်တင့် လျော့က်ပတ် အောင်သတ်မှတ်နိုင်မည့် စီမံအုပ်ချုပ်မှုပုံစံများ အားကောင်းလာရေးကိုလည်း အထောက်အကူပြုရန် လိုအပ်ပါသည်။

- NUG နှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့များအနေဖြင့် ကွဲပြားခြားနားသော နောက်ခံအခြေအနေအရပ်ရပ်တွင် လက် တွေ့ကျကျဆောင်ရွက်နိုင်မည့် ၎င်းတို့၏အခန်းကဏ္ဍများကို ဖော်ထုတ်သတ်မှတ်ရန်လိုလှပါသည်။ အထူးသဖြင့် မတူညီသည့် နောက်ခံအခြေအနေအမျိုးမျိုး၌ လိုအပ်သည့် လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များ နှင့် ဝန်ဆောင်မှုမျာကို ၎င်းတို့အနေဖြင့် အကောင်းဆုံး မည်သို့လုပ်ဆောင်နိုင်မည်ကို စဉ်းစားဖော်ထုတ်ရန် လိုပေသည်။ လိုအပ်နေသော အကူအညီအထောက်အပံ့များမှာ ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် လိုအပ်သည့် လမ်း ညွှန်ချက်များ ချမှတ်ခြင်းမှသည် လိုအပ်သည့် ရင်းမြစ်များကို ထောက်ပံ့ခြင်း နှင့် လူမှုအအသိုက်အဝန်းအတွက် လိုအပ်နေသည် များကို ဖြည့်ဆည်းဆောင်ရွက် နေသည့် ဒေသခံ ပုဂ္ဂိုလ်များကို ကူညီပံ့ပိုးခြင်းအထိ ပါဝင်ပါ သည်။ ယင်းသို့ကူညီပံ့ပိုးရာတွင် နိုင်ငံတကာအလှူရှင်များအနေဖြင့် ကြားခံဆောင်ရွက်သူများ/အဖွဲ့အစည်းများမှတဆင့် ဆောင်ရွက်နိုင်သော  ဖြစ်နိုင်ချေများကိုလည်း တွေ့ရှိရပါသည်။

- စစ်တွင်းကာလ လူမှုအခြေပြုစီမံအုပ်ချုပ်ရေးပုံစံများနှင့် ဆက်စပ် ထိတွေ့ လုပ်ဆောင် ခြင်းကို

လုပ်ဆောင်ရာတွင် ဒေသအလိုက်အခင်းအကျင်း/အခြေအနေများနှင့် အံဝင်ခွင်ကျရှိရန် လိုအပ် သည်။ တိုင်းရင်းသားဒေသရှိ အရပ်ဖက်အဖွဲ့များနှင့် ရှိနှင့်ပြီးသားဖြစ်သော ဘဏ္ဍာရေး မိတ်ဖက်ဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်ခြင်းအားဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့များသည် နစက လက်အောက်ခံမဟုတ်သည့် အုပ်ချုပ်မှုစနစ်များနှင့် လူမှုအထောက်အကူပြု ဝန်ဆောင်မှုများအတွက် သင်တန်းပေးခြင်း၊ လိုအပ်သည့်ရင်းမြစ်များ ထောက်ပံ့ခြင်းတို့ကို အချို့ဒေသများတွင် ဆောင်ရွက် နိုင်သည့် အခြေအနေရှိနေပါသည်။ ယင်းတိုင်းရင်းသားအရပ်ဖက်အဖွဲ့များသည် အချို့ဒေသနှင့်မြို့နယ်များရှိ တော်လှန်ရေးအင်အားစုများ၏ ကျန်းမာရေး၊ ပညာရေး နှင့် စီမံအုပ်ချုပ်မှု ရေးရာ ဦးဆောင်သူများ/ဆောင်ရွက်လျက်ရှိသူများနှင့် တိုက်ရိုက်ဆက်နွယ်မှုများ ရှိနှင့်ပြီးဖြစ်ကာ ထိုမြို့နယ် ဒေသများတွင် ပိုမိုကျယ်ပြန့်ထိရောက်သော ထပ်တိုး အထောက်အကူ များကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

# နိဒါန်း

၂၀၂၂ ခုနှစ် မေလနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံ တော်လှန်နယ်မြေဒေသလေးခုရှိ **ဗန္ဓာတ် (ထွေးရောယှက်တင်)** အုပ်ချုပ်မှုပုံစံအောက်တွင် နေထိုင်ရသော ရပ်ရွာလူထု၏ မြေပြင်အတွေ့အကြုံများကို အသေးစိတ်လေ့လာမှုအရ အာဏာသိမ်းမှုအပြီး ဆင့်ကဲပြောင်းလဲလာသော အုပ်ချုပ်မှု ပုံစံနှင့် ရပ်ရွာလူထု၏ အတွေ့အကြုံများကို နားလည်သဘောပေါက်စိမ့်သောငှာ ယခု အကျဉ်းချုပ်အစီရင်ခံစာတွင် သဘောတရားအရသာမက လက်တွေ့အမြင်ဖြင့်ပါ သုံးသပ်ဖော်ပြထားသည်။

ယခု အကျဉ်းချုပ်အစီရင်ခံစာတွင် အဓိက ရည်မှန်းချက် နှစ်ခုရှိသည်။ ပထမ ရည်မှန်းချက်မှာ အာဏာသိမ်းကာလအလွန် လက်ရှိဖြစ်ပွားဆဲ နှင့် အသစ်ဖြစ်လာမည့် အားပြိုင်မှုတို့အကြား ကွပ်ကဲမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် သဘောတရားအရ သာမက လက်တွေ့အမြင်ဖြင့်ပါ ခြုံငုံသုံးသပ် နားလည်သဘောပေါက်စေရန် ဖြစ်သည်။ ထိုသို့ နားလည်သဘောပေါက်စေရန် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ သာမန်ပြည်သူပြည်သားများ ကြုံတွေ့ခဲ့ကြရသော စီမံအုပ်ချုပ်မှုပုံစံများဖြစ်သည့် စစ်ကောင်စီအုပ်ချုပ်မှု နှင့် အထွေထွေအုပ်ချုပ်ရေးဌာနဦးဆောင်သော အရပ်သား/ ဒေသန္တရအုပ်ချုပ်မှုတို့နှင့် လက်နက်ကိုင်တော်လှန်ရေး အင်အားစုများ၏ ဖွဲ့စည်းတည်ဆောက်လာသည့် စီမံအုပ်ချုပ်မှုပုံစံများကြားရှိ ထွေးရောယှက်တင်ဖြစ်မှုတို့ကို အလေးထား လေ့လာခဲ့ခြင်းဖြစ်သည်။ ဒုတိယ ရည်မှန်းချက်မှာ ဆင့်ကဲပြောင်းလဲနေဆဲ နှင့် အသစ်ဖြစ်ပေါ်လာသော ခုခံတော်လှန်ရေး ဒေသများတွင် ပြည်သူ့ရေးရာဝန်ဆောင်မှုပေးသည့်ပုံစံ အထူးသဖြင့် တရားစီရင်ရေး၊ ပညာရေး နှင့် လူထုပံ့ပိုးကူညီရေးယန္တရားများနှင့် စပ်လျဉ်းသည့် စနစ်များတည်ထောင်သည့်ပုံစံ နှင့် အာဏာသက်ရောက်မှုတို့ မည်သို့ပြောင်းလဲသွားကြောင်းကို နားလည်သဘောပေါက်စေရန် ဖြစ်သည်။

ယခု အစီရင်ခံစာအကျဉ်းသည် မြန်မာနိုင်ငံအတွင်း အာဏာသိမ်းမှု ဖြစ်စဉ်အပြီး ဖြစ်ပေါ်ခဲ့သော **ဗန္ဓာတ် (ထွေးရောယှက်တင်)** အုပ်ချုပ်မှု ပုံစံကို လေ့လာသည့် စာတမ်း နှစ်စောင်အနက် ပထမတစ်စောင်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မှ စတင်၍ သုတေသန လုပ်ငန်းစဉ်များ လုပ်ဆောင်ရန်ခက်ခဲသော ကျေးလက်ဒေသများကို အဓိကအလေးထား လေ့လာခဲ့ပါသည်။ ဒုတိယစာတမ်းတွင် ယခု စာတမ်းပါ ပဋိပက္ခနှင့် အားပြိုင်မှု အခင်းအကျင်းနယ်ပယ် လေးခု - အထူးသဖြင့် စီးပွားရေး၊ အခွန်အခ ပေးဆောင်မှု၊ လယ်ယာစိုက်ပျိုးမှုနှင့် လူထုကြားအပြန်အလှန်ဖလှယ်မှုဆိုင်ရာ နောက်ခံအကြောင်းတရားတို့ကို ပို၍ အာရုံစိုက်ကာ - ထိုအခင်းအကျင်းနယ်ပယ် လေးခုတွင် ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ မည်သို့ ပြောင်းလဲသွားကြောင်း ပို၍ အသေးစိတ် လေ့လာဆန်းစစ်သွားမည် ဖြစ်သည်။

အာဏာသိမ်းမှုအလွန်ကာလ မြန်မာနိုင်ငံရှိ အုပ်ချုပ်ရေး ဖွဲ့စည်းမှုပုံစံများ အပါအဝင် အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများနှင့် ပံ့ပိုးမှုများကို ကူညီပံ့ပိုးပေးလိုသော ပြည်တွင်း (မြန်မာနိုင်ငံရှိ အရပ်ဘက်အဖွဲ့အစည်းများ နှင့် အမျိုးသားညီညွတ်ရေးအစိုးရ အပါအဝင်) နှင့် နိုင်ငံတကာအဖွဲ့အစည်းများ/ လှုပ်ရှားဆောင်ရွက်သူများအတွက် အထောက်အကူဖြစ်စေရန် ယခုအစီရင်ခံစာကို ရည်ရွယ်ပြုစုရခြင်း ဖြစ်ပါသည်။ ပထမရှာဖွေတွေ့ရှိချက်အနေဖြင့် ကျေးရွာ၊ မြို့နယ်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့် အုပ်ချုပ်ရေးတွင် ပါဝင်လျက်ရှိကြသော လက်နက်ကိုင်တော်လှန်ရေး အင်အားစုများ၏ အခန်းကဏ္ဍသည် အမျိုးမျိုးကွဲပြား၍ အားပြိုင်လျက်ရှိနေကြခြင်း ဖြစ်သည်။ အချို့သောအခြေအနေများတွင် ထိုသူတို့သည် အရပ်သားအုပ်ချုပ်ရေးတွင် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမျိုးမှ ပါဝင်လျက်ရှိကြပြီး၊ ဆန်းစစ်လေ့လာခဲ့သည့် မြို့နယ်၊ ဒေသအနှံ့အပြားတွင် စစ်တပ်၏ လုပ်ဆောင်ချက်နှင့် အုပ်ချုပ်မှုစက်ဝန်းကို ကန့်သတ်ဘောင်ခတ်ရန် ရည်ရွယ် ဆောင်ရွက်မှုများလည်း ရှိသည်။ ထို့ကြောင့်ပင် စီမံအုပ်ချုပ်မှုပုံစံများနှင့် အုပ်ချုပ်မှုတွင် ပါဝင်သူများ၏ အခန်းကဏ္ဍသည် ဆင့်ကဲပြောင်းလဲလျက်ရှိကြပြီး ဒေသတွင်း အခြေအနေပေါ်မူတည်၍ ကျေးရွာ၊ မြို့နယ်နှင့် ဒေသအဆင့်ဆင့်တွင်လည်း အုပ်ချုပ်မှုပုံစံများ အနည်းငယ် ကွဲပြားမှုရှိသည်။

ဒုတိယအရေးကြီးသော ရှာဖွေတွေ့ရှိချက်မှာ အာဏာသိမ်းမှုအပြီးဖြစ်ပေါ်လာသော လူမှုရေး နှင့် အုပ်ချုပ်မှု ပိုင်းဆိုင်ရာ လစ်ဟာချက်များကို ဖြည့်ဆည်းရန် အထူးသဖြင့် တိုက်နယ်/အုပ်စုအဆင့်တွင် ရပ်ရေးရွာရေးကူညီ ဆောင်ရွက်သူများ/ပရဟိတအဖွဲ့များသည် သိသိသာသာ စုစည်းဆောင်ရွက်မှု အားကောင်းလာခြင်းဖြစ်သည်။ အဆိုပါ စုစည်းဆောင်ရွက်မှုတို့သည် အခြေအနေပေါ်မူတည်၍ ကွဲလွဲနိုင်ကြပြီး၊ ရံဖန်ရံခါတွင် အာဏာမသိမ်း မီကတည်းက ရှိနှင့်ပြီးဖြစ်သော ကွန်ယက်များ၊ အဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများပေါ် အခြေခံထား ခြင်းမျိုးလည်း ရှိသည်။ အာဏာသိမ်းကာလအလွန်တွင် ပဋိပက္ခဒဏ်ခံရသော ရပ်ရွာလူထုအတွက် မရှိမဖြစ် လိုအပ်သော ဂန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန်အတွက် ရပ်ရေးရွာရေး ကူညီဆောင်ရွက်သူများ/ ပရဟိတ အဖွဲ့များမှာ အရေးပါသောအခန်းကဏ္ဍတွင် တည်ရှိနေကြပြီး ၎င်းအဖွဲ့များသို့ ရေရှည်တည်တံ့စေမည့် နည်း ပညာ၊ ငွေကြေး နှင့် ပစ္စည်းများထောက်ပံ့ကူညီပေးရန် လိုအပ်နေကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။

ယခုအစီရင်ခံစာ အစပိုင်းတွင် အာဏာသိမ်းအပြီး ထွေးရောယှက်တင် အုပ်ချုပ်မှုပုံစံနှင့်စပ်လျဉ်းသည့် ရှိရင်းစွဲ စာတမ်းအချို့ကို ပြုစုတင်ပြခြင်းအပါအဝင် သုတေသနပြုလုပ်ခြင်းဆိုင်ရာ နည်းနာဗေဒနှင့် သဘောတရား အကျဉ်းရှင်းလင်းချက်များကို ဖော်ပြထားပါသည်။ ထို့နောက်တွင် အဓိက အပိုင်းသုံးပိုင်းဖြင့် ပိုင်းခြားဖော်ပြ ပါမည်။ ပထမအပိုင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ကွပ်ကဲမှု နှင့် အရပ်သားအုပ်ချုပ်မှုတို့ဆိုင်ရာ ကွဲလွဲ မှုပုံစံများကို ဆန်းစစ်သုံးသပ်ကာ အာဏာမသိမ်းခင် ကာလကတည်းက အားပြိုင်နေသောဒေသများ (ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် နယ်မြေအစိတ်အပိုင်းအချို့/ စစ်ကိုင်းတိုင်းမြောက်ပိုင်း) နှင့် ခုခံတော်လှန် နေသည့် နယ်မြေသစ်များ (ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး) တွင် ရှိနေသော အခြေအနေများကို ပိုင်းခြား၍ လေ့လာသုံးသပ်ခဲ့သည်။ ဒုတိယအပိုင်းတွင် ထွေးရောယှက်တင်ဖြစ်နေသော အခြေအနေများတွင် ပညာရေး နှင့် ကျန်းမာရေး ဝန်ဆောင်မှုများပေးခြင်းအပါအဝင် တရားစီရင်ရေးနှင့် ပဋိပက္ခဖြေရှင်းရေး တို့ကို ဒေသတစ်ခုချင်းစီအလိုက် လေ့လာသုံးသပ်လျက် လက်ရှိမြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် တရားစီရင် ရေး အာဏာသက်ရောက်မှု အခြေအနေများကို လေ့လာဖော်ထုတ်ခဲ့သည်။ တတိယအပိုင်းတွင်မူ အရေးကြီး မူဝါဒဆိုင်ရာ သက်ရောက်မှုပုံစံများကို လေ့လာဆန်းစစ်ခဲ့ပြီး ဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့် ပြည်သူ့ရေးရာဂန် ဆောင်မှုလုပ်ငန်းများအတွက် အကြံပြုချက်များကို တင်ပြဆွေးနွေးထားပါသည်။

# သုတသေန ချဉ်းကပ်မှုပုံစံ

## နည်းနာဗေဒ နှင့် ချဉ်းကပ်မှုနည်းလမ်း

ယခု အစီရင်ခံစာအကျဉ်းပါ လေ့လာသုံးသပ်ချက်များကို သုတေသီ ခြောက်ဦးပါ အဖွဲ့မှ သုတေသနပြုလုပ်ခဲ့ပြီး ဒေသတစ်ခုချင်းစီတွင် မတူကွဲပြားသော နီးနွယ်ပတ်သက်သူများနှင့် ပြုလုပ်သည့် အင်တာဗျူးပေါင်း ၄၀ ကျော်မှ လေ့လာသိရှိခဲ့ရသည့် အချက်များပေါ် အခြေခံ သုံးသပ်ထားခြင်းဖြစ်ပါသည်။ မေးခွန်းဖြေဆိုသူများတွင် ရပ်မိရပ်ဖများ၊ အရပ်ဘက် ခေါင်းဆောင်များ၊ ပရဟိတအဖွဲ့အစည်းတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်လုပ်ကိုင်နေသူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်များ နှင့် (ချင်းပြည်နယ် ကာကွယ်ရေးတပ်ဖွဲ့ နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ အပါအဝင်) တော်လှန်ရေးအဖွဲ့များ ပါဝင်သလို ကုန်သည်များ၊ မိခင်များ၊ တောင်သူများ စသည့် အခြေခံပြည်သူလူထုနှင့် ထဲထဲဝင်ဝင် ထိတွေ့မေးမြန်းမှုလည်း ပြုလုပ်ခဲ့ပါသည်။ သုတေသနလေ့လာမှုတွင် ပင်မအလေးထားခဲ့သည့်အချက်မှာ ကျေးရွာနှင့် တိုက်နယ်အဆင့်၌ ကြုံတွေ့ရသည့် မတူညီသောအတွေ့အကြုံများ နှင့် ယင်းတို့သည် မြို့နယ်အဆင့်နှင့်အထက် မြင့်မားသောကွပ်ကဲရေး နှင့် အုပ်ချုပ်ရေး အဆင့်ဆင့်တို့နှင့် မည်သို့အားဖြင့် ချိတ်ဆက်မှုရှိကြောင်းကို အလေးထားလေ့လာခဲ့ခြင်း ဖြစ်သည်။

သုတေသနကို ပြည်နယ်နှင့်တိုင်းအလိုက် ဒေသအမျိုးအစားနှစ်ခုတွင် အသားပေး လေ့လာခဲ့သည်။ ယင်းတို့မှာ ယခင်ကာလတည်းက ရှိရင်းစွဲ တော်လှန်မှုများရှိခဲ့ပြီး အာဏာသိမ်း အပြီးတွင်လည်း စစ်တပ်နှင့် အရပ်သား အုပ်ချုပ်မှုပုံစံ သိသိသာသာ ဆင့်ကဲပြောင်းလဲလာခဲ့သော မြို့နယ်များ၊ နှင့် အာဏာသိမ်းအပြီး ခုခံတော်လှန်မှုပုံစံသစ် နှင့် တော်လှန်ရေးအဖွဲ့အစည်းသစ်များ ပေါ်ထွက်လာခဲ့ကာ လူမှုအုပ်ချုပ်ရေးပုံစံသစ်များဖြစ်ထွန်းခဲ့သောမြို့နယ်များဟူ၍ နယ်မြေ အမျိုးအစားနှစ်မျိုး လေ့လာခဲ့သည်။

ဖြေဆိုသူတို့၏ အချက်အလက်များကို ကာကွယ်ရန်နှင့် ဒေသခံပြည်သူများ၊ မြို့နယ်များအကြောင်း အသေးစိတ်ဖော်ပြချက်များအား လွဲမှားစွာအသုံးချကာ ရပ်ရွာလူထုနှင့် တော်လှန်ရေး အင်အားစုများ အပေါ် ထိခိုက်စေနိုင်မည့်အန္တရာယ်ကို လျှော့ချစိမ့်သောငှာ လေ့လာသုံးသပ်ချက်ကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် နှင့် ခရိုင်အဆင့်တွင်သာ အဓိကထား လေ့လာသုံးသပ်ထားသည်။ ထို့အပြင် သုတေသီများအပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကိုလည်း ထည့်သွင်းစဉ်းစား၍ စစ်ကောင်စီ၏ အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဖွဲ့စည်းမှုပုံစံများ လည်ပတ်ပုံကိုလည်း စစ်ကောင်စီခန့်အပ်သော အရာရှိများနှင့် တိုက်ရိုက်မေးမြန်းခြင်းမျိုးမဟုတ်ဘဲ အင်တာဗျူးဖြေဆိုသူတို့၏ အတွေ့အကြုံများမှတဆင့် သွယ်ဝိုက်၍ ဆန်းစစ်လေ့လာမှု ပြုထားပါသည်။

## အယူအဆရေးရာ မူဘောင်

အာဏာမသိမ်းမီကာလတည်းက တိုင်းရင်းသားလက်နက်ကိုင်ဖွဲ့အစည်းများနှင့် အားပြိုင်မှုရှိခဲ့သော ဒေသများနှင့် အသစ်ပေါ်ပေါက်လာသော တော်လှန်ရေးနယ်ပယ် နှစ်ခုလုံးတွင် ဗန္ဓာတ် (ထွေးရောယှက်တင်) စီမံအုပ်ချုပ်မှုပုံစံများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ လျှင်မြန်စွာပင် ဆင့်ကဲပြောင်းလဲလာခဲ့သည်။ ပဋိပက္ခ နှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု သဘောတရားနယ်ပယ်တွင် ဗန္ဓာတ် (ထွေးရောယှက်တင်) ပုံစံ ဆိုသည်ကို အုပ်ချုပ်မှုဆိုင်ရာ ရလဒ်များကိုပုံဖော်ရန် တရားဝင်စနစ်ကျ ဖွဲ့စည်းထားသောမူဘောင်များ နှင့် မိရိုးဖလာဓလေ့စရိုက်/ဒေသအခြေခံများအရ အလွတ်သဘောတည်ရှိနေသော လူမှုပြဋ္ဌာန်းချက်များ အကြား  ထွေးရောယှက်တင်ဖြစ်မှု၊ လူမှုစံတန်ဖိုးများ နှင့် ယင်းတို့ကို လိုက်နာကျင့်သုံးမည့်သူများ အတူ

ယှဉ်တွဲတည်ရှိနေမှုစသည့် အခြေအနေကို အဓိပ္ပါယ် ညွှန်းဆိုကြသည်။[၁] အာဏာမသိမ်းမီကာလတွင်ပင် မြန်မာနိုင်ငံရှိ သာမန်လူတန်းစား ပြည်သူများသည် စီမံအုပ်ချုပ်ရေး၊ တရားစီရင်ရေး နှင့် လူမှုရေးဝန်ဆောင်မှုများပေးခြင်းတို့ အပါအဝင် ၎င်းတို့၏ လူမှုရေးဆိုင်ရာလိုအပ်ချက်များအတွက် အမျိုးမျိုးသော လူမှုဂရုဏာအဖွဲ့များ/ဝန်ဆောင်မှုပေးသူများ နှင့် ထိတွေ့ဆက်ဆံခဲ့ခြင်းဖြစ်သည်။ မြေပြန့်ဒေသများ၌ လူမှုဂရုဏာလုပ်ငန်းများကို ပရဟိတအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ထောက်ကူပေးကြပြီး နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ရာဒေသများတွင် သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကျန်းမာရေး၊ တရားစီရင်ရေး နှင့် ပညာရေးဆိုင်ရာ စနစ်များတည်ထောင်ကာ လုပ်ကိုင်ပေးလျက်ရှိသည်။[၂] အဆိုပါအဖွဲ့အစည်းများသည် ၎င်းတို့၏ အာဏာအုပ်စိုးမှုနှင့် တရားဝင်မှုဆိုင်ရာ ကြိုးပမ်းအားထုတ်နေရသည့် အခြေအနေများအရ မြန်မာနိုင်ငံအစိုးရ၏ အုပ်ချုပ်ရေးဖွဲ့စည်းပုံများနှင့် အပြိုင်တစ်နည်း၊ မိတ်ဖက်တစ်သွယ်နှင့် ရံဖန်ရံခါတွင် တိုက်ရိုက်ယှဉ်ပြိုင် ဆောင်ရွက်၍တစ်ဖုံ အမျိုးစုံ စီမံဆောင်ရွက်ခဲ့ကြသည်။[၃]

အာဏာသိမ်းပြီးကာလမှစ၍ စစ်ကောင်စီ၏ အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုပေးရေး လုပ်ငန်းများသည် မြေပြန့်ဒေသများနှင့် အညာကျေးလက်ဒေသများတွင် တစ်စစ ပြိုပျက်ခဲ့ရာ အုပ်ချုပ်ရေးနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများတွင် တော်လှန်ရေးအဖွဲ့များနှင့် ချိတ်ဆက်နေသော အင်အားစုများမှ တာဝန်ယူဆောင်ရွက်ပေးနေသည့် ပုံစံသစ်များကို ပိုမိုတွေ့မြင်လာရပြီး ရှိရင်းစွဲအဖွဲ့အစည်းများစွာသည်လည်း ၎င်းတို့ ရှိရင်းစွဲတာဝန်များထက် တိုးချဲ့၍ တာဝန်ယူဆောင်ရွက်ပေးလာကြရသည်။[၄] အခြေအနေပေါ်မူတည်၍ တိုင်းဒေသနှင့် နိုင်ငံအဆင့်အာဏာပိုင် (စစ်ကောင်စီမဟုတ်) တို့သည် တိုက်နယ်အဆင့် အထူးသဖြင့် ကျေးရွာအဆင့်တွင် အထက်ဖော်ပြပါ ယခင်ကာလကတည်းက ရှိပြီးဖြစ်သော အာဏာပိုင်များနှင့် အသစ်ပေါ်ပေါက်လာသော အာဏာပိုင်များစွာကို ထိတွေ့ဆက်ဆံခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့် အချို့သော အခြေအနေများတွင် တိုက်ရိုက် ကွပ်ကဲမှုပေးခြင်းတို့ကို ပြုလုပ်ကြသည်။ ယခုသုတေသနတွင် လေ့လာတွေ့ရှိမှုအရ စစ်ကိုင်းတိုင်းဒေသရှိ မြို့နယ်များတွင် အထင်ရှားဆုံးသော အုပ်ချုပ်ရေးအဖွဲ့မှာ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ပင်ဖြစ်သည်။ Matthew Arnold နှင့် Kim Jolliffe တို့၏ ယခင် သုတေသနလေ့လာမှုတွင် ဖော်ထုတ်ခဲ့သလိုပင် NUG သည် ၎င်းတို့အုပ်ချုပ်ရာနယ်မြေများရှိ ပြည်သူ့ကာကွယ်ရေးအဖွဲ့များအား ရဲလုပ်ငန်းတာဝန်များ၊ တရားစီရင်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုပေးရေး ကဏ္ဍများအပါအဝင် အုပ်ချုပ်မှုနှင့်စပ်လျဉ်း၍ အကြံပြုမှတ်ချက်များ ပံ့ပိုးပေးပြီးဖြစ်သည်။[၅] ထို့အပြင် အညာကျေးလက်ဒေသများဖြစ်သည့် ခုခံတော်လှန်သည့်နယ်မြေသစ်များတွင် ကချင်လွတ်လပ်ရေး အဖွဲ့ချုပ် (KIO) ကဲ့သို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် ဒေသတွင်း ပြည်သူ့ကာကွယ်ရေးအဖွဲ့များထံ စစ်ရေးအကူအညီများနှင့် ကွပ်ကဲမှုများ ပံ့ပိုး

၁ နှစ်မျိုးစပ်ပုံစံနှင့်စပ်လျဉ်း၍ TWQ ဂျာနယ်ပါ Miranda Forsyth, Lia Kent, Sinclair Dinnen, Joanne Wallis & Srinjoy Bose (2017) တို့ရေးသားပြုစုထားသည့် တတိယကမ္ဘာနယ်ပယ်သစ်များ - ငြိမ်းချမ်းမှုတည်ဆောက်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ထွေးရောယှက်တင်ဖြစ်မှု - အရေးကြီးနည်းလမ်းတစ်ခု စာတမ်းတွင် လေ့လာနိုင်သည်။

၂ The Asia Foundation ရန်ကုန်၊ Jolliffe, K ၂၀၁၄ ခုနှစ်တွင် ရေးသားထားသည့် 'မြန်မာနိုင်ငံအတွင်း တော်လှန်နယ်မြေများရှိ တိုင်းရင်းသားပဋိပက္ခ နှင့် လူမှုဝန်ဆောင်မှုများ' ကို ဖတ်ရှုနိုင်သည်။

၃ ဗန္ဓာတ် (ထွေးရောယှက်တင်)အုပ်ချုပ်မှု ပုံစံကို နိုင်းယှဉ်အမြင်ရှုထောင့်ဖြင့် လေ့လာလိုသော် Mampilly. Z ၂၀၁၁ ခုနှစ် တွင် ရေးသားခဲ့သော တော်လှန်၍ အုပ်ချုပ်သူများ - စစ်အတွင်း လက်နက်ကိုင်အဖွဲ့များအုပ်ချုပ်မှု နှင့် အရပ်သားတို့၏ ဘဝ စာတမ်း ကို လေ့လာပါ။ အာဏာမသိမ်းခင်ကာလ မြန်မာနိုင်ငံအတွင်း တော်လှန်နယ်မြေများရှိ ဗန္ဓာတ် (ထွေးရောယှက်တင်)အုပ်ချုပ်မှု ပုံစံဆိုင်ရာ သဘောတရားနှင့်စပ်လျဉ်း၍ လေ့လာလိုသော် Brenner. D ၂၀၁၉ ခုနှစ်က ထုတ်ဝေခဲ့သည့် တော်လှန်နိုင်ငံရေး - မြန်မာနိုင်ငံနယ်စပ်ဒေသများရှိ လက်နက်ကိုင်တိုက်ပွဲ နိုင်ငံရေးလူမှုဗေဒ၊ နှင့် Cornell University၊ McCarthy. G နှင့် Farrelly. N တို့ ၂၀၂၀ ပြည့်နှစ်တွင် ပြုစုခဲ့သော ပဋိပက္ခများကြားမှငြိမ်းချမ်းရေး - မြန်မာနိုင်ငံ နယ်စပ်ဒေသများအတွင်း အပစ်အခတ်ရပ်စဲရေး အကျိုးဆောင်၊ အခြေအနေတိုးတက်မှု နှင့် သဘောထားမကြီးမှု စာအုပ်ပါ ပဋိက္ခ၊ လုံခြုံရေး နှင့် တိုးတက်မှု အပိုင်းပါ ၂၀း၁၊ ၁၄၁-၁၆၃ စာမျက်နှာများတွင် လေ့လာနိုင်သည်။

၄ Arnold. M ၂၀၂၁ ခုနှစ်တွင် ပြုစုသည့် "မြန်မာနိုင်ငံအတွင်း အရိပ်စစ်ပွဲ (Shadow War)- စစ်ကောင်စီ စစ်တပ်အုပ်ချုပ်မှုအောက်ရှိ ဒေသခံ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍ" ကို လေ့လာပါ။

၅ ခေါက်ချိုးမညီမျှသည့် စစ်ပွဲအတွင်း နိုင်ငံရေးအာဏာရရှိမှုအရေးကြီးပုံနှင့်စပ်လျဉ်းသည့် နိုင်ငံရေးအာဏာ နှင့် နောက်ခံအခြေအနေအပေါ် သဘောတရားမူဘောင်အရ လေ့လာလိုသော် Arnold. M Jolliffe. K တို့ ၂၀၂၂ ခုနှစ်တွင် ပြုစုသည့် "မြန်မာနိုင်ငံ တော်လှန်ရေးတွင် ပါဝင်သူများ၏ ဒေသန္တရ အုပ်ချုပ်ရေး - အားသာမှု အခြေအနေ" ကို လေ့လာပါ။

ပေးရာတွင် အရေးကြီးသည့် အခန်းကဏ္ဍများမှ ပါဝင်နေသလို၊ တော်လှန်ရေး နယ်မြေသစ်များတွင် နယ်မြေ ကွပ်ကဲမှု နှင့် လူမှုရေးရာ စီမံအုပ်ချုပ်မှု ဖွဲ့စည်းခြင်းတို့နှင့်စပ်လျဉ်းသည့် အလွတ်သဘော အကြံပေးခြင်းမျိုး ကိုလည်း ပံ့ပိုးကူညီလျက်ရှိသည်။

ဤသုတေသနစာတမ်းသည် အုပ်ချုပ်ရေးနှင့် အာဏာပိုင်စိုးမှုပုံစံများ နှစ်မျိုးထပ်နေသည့် ယခုကဲ့သို့သော အခြေအနေမျိုးတွင် မြို့နယ်အဆင့်နှင့် မြို့နယ်အဆင့်အောက်ပိုင်း၌ ပြည်သူလူထုအနေဖြင့် မည်သို့ အုပ်ချုပ် မှုခံရကြောင်းကို အလေးပေး လေ့လာခြင်းအားဖြင့် ရှိရင်းစွဲ သုတေသနများအပေါ် တိုးချဲ့လေ့လာသွား ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် အာဏာသိမ်းပြီးသည်မှစ၍ မြို့နယ်အဆင့်နှင့် မြို့နယ်အဆင့်အောက် ရှိ ကျေးလက်ဒေသများတွင် အလေးပေးလေ့လာမှု မပြုခဲ့ရသေးသော အရေးကြီးကဏ္ဍ သုံးခုဖြစ်သည့် တရားစီရင်ရေးနှင့် အငြင်းပွားမှုဖြေရှင်းရေး၊ ကျန်းမာရေးနှင့် လူမှုရေးရာ ဝန်ဆောင်မှုများနှင့် ပညာသင် ကြားရေး ကဏ္ဍတို့ကို ဆန်းစစ်လေ့လာခဲ့သည်။ ဒုတိယစာတမ်းတွင် ကျွန်ုပ်တို့အနေဖြင့် အဆိုပါ ဒေသ များ၌ ဒေသခံတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မည်သို့ ဆင့်ကဲပြောင်းလဲလာကြောင်းကို ဆန်းစစ် ကာ အထူးသဖြင့် အာဏာသိမ်းစမှစတင်၍ ဒေသတွင်း အခွန်အခကောက်ခံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများသာမက ရပ်ရွာအတွင်း အပြန်အလှန်အမှီသဟဲပြုသော လူမှုစည်းမျဉ်းများကို အခြေခံ သည့် စီးပွားရေးပုံစံသို့ အသွင်ပြောင်းလာသည့် ဖွဲ့စည်းမှုပုံစံအကြောင်းကိုလည်း လေ့လာမည်ဖြစ်သည်။

အားပြိုင်နေသော အာဏာပိုင်အဖွဲ့အစည်းများ ယှဉ်တွဲတည်ရှိနေခြင်းသည် လူသန်းပေါင်းများစွာ၏ လူမှုဘဝ လက်တွေ့ အခြေအနေများအပေါ်တွင် ရိုက်ခတ်မှုများစွာရှိသည်။ ယင်းအခြေအနေမှာ ပြည်တွင်းတွင် လှုပ်ရှား ဆောင်ရွက်နေကြသူများ (NUG နှင့် ပိုမိုကျယ်ပြန့်သည့် ဒီမိုကရေစီလှုပ်ရှားမှု တစ်ရပ်လုံးသာမက မြန်မာ့ လူမှု အသိုင်းအဝိုင်းဖြစ်သည့်) နှင့် အာဏာသိမ်းပြီးကာလတွင် အရေးပေါ် လူသားချင်းစာနာမှု လိုအပ်ချက်များနှင့် ပိုမိုကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်များအတွက် တုံ့ပြန်ဆောင်ရွက် ဖြည့်ဆည်းပေးရန်ကြိုးပမ်းနေသော နိုင်ငံတကာအဖွဲ့အစည်းများ/လှုပ်ရှားဆောင်ရွက်နေကြသူများအတွက် ရှေ့လာမည့်နှစ်များတွင် မိတ်ဖက်ဖွဲ့ ဆောင်ရွက်ရမည့် နည်းလမ်းများအပေါ် များစွာအကျိုးသက်ရောက်စေသည်။ ဤစာတမ်း ပထမအပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့၌ အသစ်ပေါ်ထွန်းလာသော ခုခံတော်လှန်မှု နယ်ပယ်များ အပေါ် ဦးစွာ အလေးပေးဆန်းစစ်သုံးသပ်ပြီးနောက် ရခိုင်ပြည်နယ်ရှိ စင်ပြိုင်အုပ်ချုပ်မှုပုံစံ ဆင့်ကဲပြောင်းလဲလာမှုကို ပါ ဆက်လက်၍ လေ့လာသုံးသပ်ကာ ဖော်ပြပါကွဲလွဲမှုပုံစံများကို ဆန်းစစ်လေ့လာထားသည်။

# အပိုင်း (၁)

## အာဏာသိမ်းကာလအလွန် အသစ်ဖြစ်ပေါ်လာသော၊ ဆင့်ကဲပြောင်းလဲလာသော အုပ်ချုပ်မှုအာဏာဖွဲ့စည်းပုံများ

## တော်လှန်ရေး နယ်မြေသစ်များရှိ အသစ်ပေါ်ထွန်းလာသော အုပ်ချုပ်မှုပုံစံ

အာဏာသိမ်းစမှစတင်၍ လက်နက်ကိုင်တော်လှန်မှုပုံစံသစ်များ ပေါ်ပေါက်လာသည့် မြို့နယ်များတွင် ဗန္ဒာတ် (ထွေးရောယှက်တင်) စီမံအုပ်ချုပ်မှုပုံစံများကို အခြေခံလူတန်းစားများ ကြုံတွေ့ခံစားရသည့် အတွေ့အကြုံများသည် ဒေသတွင်း လက်နက်ကိုင်စွဲ ရုန်းကန်တော်လှန်မှု၊ စစ်ရေးကာလ ပြောင်းလဲကျင့်သုံးရသည့် အုပ်ချုပ်မှု စနစ်များနှင့် အထက်အဆင့် အုပ်ချုပ်မှုနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကြီးကြပ်မှု၊ ကွပ်ကဲမှု အတိုင်းအတာ စသည်တို့ကြား ဆင့်ကဲပြောင်းလဲဖြစ်တည်မှုများနှင့် ဆက်နွယ်နေသည်။ စစ်ကိုင်းတိုင်း ဒေသကြီး နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ (၁) ရက်နေ့ အာဏာသိမ်းပြီးနောက် ရွေးကောက်ခံ လွှတ်တော်အမတ်များနှင့် ဒီမိုကရေစီလိုလားသော တော်လှန်ရေးအုပ်စုများဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ NUG သည် မြို့နယ်အဆင့်နှင့် အထက်ပိုင်းအဆင့်များတွင် သိသာထင်ရှားမှု အရှိဆုံး အာဏာပိုင်အဖွဲ့ ဖြစ်သည်။ အာဏာသိမ်းမှုအပြီး ဒေသန္တရအုပ်ချုပ်ရေးကို စစ်အုပ်ချုပ်ရေးအဖြစ် အသက်သွင်းသော စစ်ကောင်စီ၏ လုပ်ဆောင်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ခုခံတော်လှန်ရေး လုပ်ဆောင်ချက်များကို ရေရှည် ပံ့ပိုးမှုပေးစိမ့်သောငှာ တော်လှန်ရေးနှင့်ဆက်စပ်သော ကော်မတီများစွာ နိုင်ငံအနှံ့ပေါ်ပေါက်လာခဲ့သည်။ ယခင်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အုပ်ချုပ်မှုအောက်တွင် မရှိခဲ့သော စစ်ကိုင်းတိုင်း ဒေသကြီး နှင့် ချင်းပြည်နယ် နယ်မြေအစိတ်အပိုင်းအချို့အပါအဝင် အာဏာရှင်ဆန့်ကျင်ရေး တော်လှန်လာကြသည့် နယ်မြေများတွင်လည်း အုပ်ချုပ်ရေးအဖွဲ့သစ်များ မြန်ဆန်စွာ ဖွဲ့စည်းပေါ်ပေါက်လာခဲ့သည်။[6] ၂၀၂၁ ခုနှစ် ဇူလိုင်လတွင်မှ အဆိုပါ ဒေသများရှိ ကျေးလက်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်ရှိ စစ်ကောင်စီခန့်အပ်သော အုပ်ချုပ်ရေးမှူးများစွာသည် ၎င်းတို့၏ ရာထူးတာဝန်များမှ နုတ်ထွက်ခြင်း သို့မဟုတ် စစ်ကောင်စီ ထိန်းချုပ်သော ကျေးရွာများ၊ မြို့ပြဒေသများသို့ ထွက်ပြေးခြင်း ပြုလုပ်ကြသောကြောင့် လုပ်ငန်းတာဝန်များ အစုလိုက်အပြုံလိုက် ရပ်စဲသွားခဲ့သည်။[7] အကျိုးဆက်အနေဖြင့် သုတေသနပြုလုပ်နေသည့် ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် စစ်ကိုင်းတိုင်း နှင့် ချင်းပြည်နယ် နေရာဒေသ အစိတ်အပိုင်းများစွာရှိ ထွေအုပ်ရုံးတို့သည် မြို့ပြဒေသများ နှင့် (စစ်ကောင်စီလက်ဝေခံ ပြည်သူ့စစ်ဖြစ်သည့်) ပျူစောထီး ကျေးရွာများတွင်သာ လည်ပတ်လျက် ရှိကြပြီး၊ ရုံးတွင်းရာထူးများကိုလည်း တိုင်း/ဒေသအလိုက် စစ်တပ်မှတပ်မှူးများက ကြီးကြပ်လျက် စစ်အရာရှိများကသာ ရယူထားကြခြင်းဖြစ်သည်။

ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို အကြမ်းဖက်နှိပ်နင်းမှုများအပြီး ဆက်လက်ပေါ်ပေါက်လာသော ပြင်းထန် အရှိန်မြင့်လာသည့် အညာဒေသအနှံ့ အာဏာသိမ်းမှုကိုဆန့်ကျင်သော လက်နက်ကိုင်တော်လှန်မှုများ ပေါ်ပေါက်လာခဲ့သည့် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် NUG သည် ကာကွယ်ရေး ဝန်ကြီးဌာနအောက်တွင် ပြည်သူ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့စည်းကြောင်း ကြေငြာခဲ့သည်။ (၂၀၂၁ ခုနှစ်) Arnold ၏ စာတမ်းတွင် ဖော်ပြထားသကဲ့သို့ပင် စစ်ကောင်စီကို ဆန့်ကျင်သော တော်လှန်ရေးအဖွဲ့များထက်စာလျှင် စစ်ကောင်စီက လက်နက်အသာစီးရနေသော တစ်ဖက်သက်ဖြစ်နေသည့် ပဋိပက္ခအခြေအနေမျိုးတွင် နိုင်ငံအနှံ့အပြား၌ အရပ်သားအုပ်ချုပ်ရေးနှင့် စစ်ဘက်ဆိုင်ရာ အာဏာပိုင်များအကြား ဆက်ဆံရေးကို အထက်တွင်ဖော်ပြခဲ့သော အပြောင်းအလဲများက ပုံဖော်နေခြင်းဖြစ်သည်။ အထူးသဖြင့် စစ်ကိုင်းတိုင်း မြောက်ပိုင်းဒေသ၊ တောင်ပိုင်းဒေသတို့နှင့် ချင်းပြည်နယ်တို့တွင် NUG ပံ့ပိုးပေးသည့် ညွှန်ကြားမှုများ၊ လမ်းညွှန်မှုများအရ အုပ်ချုပ်ရေး ဖွဲ့စည်း တည်ဆောက်မှုများကို အာဏာသိမ်းပြီးစကတည်းက လိုက်နာဆောင်ရွက်လျက်ရှိပြီး၊ ရံဖန်ရံခါတွင် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များလည်း အားဖြည့်ပါဝင်မှု ရှိသည်။[8]

---

၆ အာဏာသိမ်းပြီး ကာလမှစ၍ ဒေသန္တရ အုပ်ချုပ်ရေးနှင့်စပ်လျဉ်းသည့် NUG လမ်းညွှန်ချက်များဆိုင်ရာ ဆွေးနွေးချက်များကို လေ့လာလိုသော် Arnold နှင့် Jolliffee တို့ ၂၀၂၂ ခုနှစ်တွင် ပြုစုခဲ့သော စာတမ်းကို လေ့လာပါ။

၇ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာများရှိ စစ်ကောင်စီ ခန့် အုပ်ချုပ်ရေးမှူးဟောင်းများစွာသည် စစ်ကောင်စီထောက်ခံသော ပြည်သူ့စစ်များ အုပ်ချုပ်သည့် ကျေးရွာများ (ပျူစောထီး) သို့ ထွက်ပြေးခဲ့ကြကာ ဒီမိုကရေစီလိုလားသော တော်လှန်ရေးအဖွဲ့များ အကြောင်း အခကြေးငွေဖြင့် စစ်တပ်သို့ သတင်းပေးကြသည်။

၈ နော်ရှောအိအိထွန်း နှင့် Jolliffe. K တို့ ၂၀၂၂ ခုနှစ်တွင် ရေးသားပြုစုထားသော "ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အောက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် - မြန်မာနိုင်ငံတိုင်းရင်းသားဒေသများရှိ ဒေသန္တရ အုပ်ချုပ်ရေး " စိစစ်ဆဲ စာတမ်းကို လေ့လာပါ။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် စစ်ကောင်စီလက်အောက်ခံ မဟုတ်သော အုပ်ချုပ်မှုပုံစံသစ်များ ဖွဲ့စည်းမှုသည် အာဏာမသိမ်းမီ ရှိခဲ့ပြီးဖြစ်သော ထွေအုပ်၏ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု နှင့် ကျေးရွာအဆင့် ဗျူရိုကရေစီစနစ်နှင့် အလားသဏ္ဍာန်တူသည်။ မြို့နယ်အဆင့်တွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) သည် အခြေအနေပေါ်မူတည်၍ ဖွဲ့စည်းထားသည့် ကော်မတီများစွာဖြင့် ပင်မအဖွဲ့ဖြစ်လာပြီး၊ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်တို့တွင်လည်း ဖွဲ့စည်းထားရှိသည်။ ယင်းကော်မတီများတွင် ကျေးရွာကာကွယ်ရေးကို ဦးဆောင်၍ (ဒေသခံ ပြည်သူ့ကာကွယ်ရေးအဖွဲ့များ - ပကဖများ) မြို့နယ်အဆင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်နှင့် အတူပူးပေါင်းကာ တွန်းလှန်တိုက်ခိုက်မှုများပြုလုပ်သည့် ကျေးရွာအဆင့်လုံခြုံရေး/ကာကွယ်ရေးအဖွဲ့များ ပါဝင်သည်။

၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့၌ ပအဖ နှင့် ဒေသခံ ပကဖတို့သည် ကျေးလက်ဒေသရှိ ကျေးရွာတော်တော်များများကို အုပ်ချုပ်လျက်ရှိပြီး၊ ပကဖ၏ အခန်းကဏ္ဍမှာမူ ဒေသအလိုက် ကွဲလွဲမှုရှိသည်။ ဆန့်ကျင်ဘက်အနေဖြင့် စစ်ကောင်စီသည် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းရှိ မြို့တော်များ နှင့် အချို့သော မြို့ဝန်းကျင်ရေးယာအချို့ကို ဆက်လက် ထိန်းချုပ်လျက်ရှိသည်။ တော်လှန်ရေးအင်အားစုများ အုပ်ချုပ်သော ကျေးရွာများတွင်မူ တရားစီရင်ရေးနှင့် ကျန်းမာရေး၊ ပညာရေး ဝန်ဆောင်မှုများ သာမက လုံခြုံရေးကိစ္စများအပါအဝင် ကျေးရွာအဆင့်အုပ်ချုပ်မှုပိုင်းတွင် ဒေသခံ ပကဖ နှင့် ပအဖ တို့သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက် ရှိသည်။ NUG သည် ၂၀၂၂ ခုနှစ် ဧပြီလတွင် ဒေသအဆင့် အုပ်ချုပ်ရေးနှင့်စပ်လျဉ်းသည့် ကိုယ်ပိုင်လမ်းညွှန်ချက်များကို ထုတ်ပြန်ခဲ့ပြီး၊ လေ့လာခဲ့သည့် ကျေးရွာအများစုတွင် ကျေးရွာအဆင့် ပအဖသည် NUGနှင့် တိုက်ရိုက်ဆက်သွယ်ချိတ်ဆက်မှုရှိသည့် မြို့နယ်အဆင့် ပအဖ တို့၏ လမ်းညွှန်မှုနောက်ကို လိုက်နာ ဆောင်ရွက်ကြသည်။ အဆိုပါ မြို့နယ်အဆင့် ပအဖ တာဝန်ရှိသူတို့သည် အခြေအနေနှင့် သင့်လျော်ညီညွတ်သော ဒေသတွင်း စည်းမျဉ်းစည်းကမ်းများကို အသိပေးအကြောင်းကြားပြောဆိုရန် တာဝန်ယူကြသည်။ ထိုသို့ အထက်အောက် ကြီးကြပ်မှုတွင် အဓိကသတိပြုရဖွယ်အချက်မှာ ပအဖများ၏ ကြီးကြပ်မှုအောက်တွင် ကြီးကြပ်မှုအောက်တွင်ပြည်သူ့လုံခြုံရေးအဖွဲ့( ပလဖ)များက ကျေးရွာလုံခြုံရေးတာဝန်ကို တာဝန်ယူ ကြီးကြပ်သော်လည်း မတူကွဲပြားသောဒေသခံ တော်လှန်ရေးတပ်ဖွဲ့များကြောင့် တာဝန်ယူရသည့် အတိုင်းအတာပမာဏ ကွဲပြားသွားစေသည့်အတွက် အရပ်သား ကွပ်ကဲမှုပုံစံနှင့် တော်လှန်ရေး ကွပ်ကဲမှုပုံစံတို့ကြား ပေါင်းစပ်မှုလုပ်ကိုင်မှုပုံစံသည် သိသာကွဲလွဲမှုပုံစံများတွေ့ရပြီး ယင်းအခြေအနေအပေါ် မေးခွန်းများ ထွက်ပေါ်လာစေသည်။

စစ်ကောင်စီလက်အောက်ခံမဟုတ်သည့် ကျေးရွာများရှိ အုပ်ချုပ်ရေးဆိုင်ရာ သဘောတရားနှင့် စနစ် အလုပ်လုပ်ပုံတို့သည် အာဏာမသိမ်းခင် အသုံးပြုခဲ့သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) ဖွဲ့စည်းတည်ဆောက်မှုပုံစံကို အခြေခံထားခြင်းပင်ဖြစ်သည်။ ယခု သုတေသနလေ့လာမှုအတွက် ဆန်းစစ်လေ့လာခဲ့သော ကျေးရွာအချို့တွင် ယခင်အစိုးရလက်ထက် ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် ဒေသခံ ပကဖတို့နှင့် ပူးပေါင်းခဲ့ကြပြီး နောက်ပိုင်းတွင် စစ်ကောင်စီလက်အောက်ခံမဟုတ်သော ဖွဲ့စည်းအုပ်ချုပ်မှုပုံစံများ ဖော်ဆောင်ရာတွင် ပါဝင်လာခဲ့သည့် ဖြစ်ရပ်များလည်းရှိသည်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအဆင့်တွင် ယခင်ရှိရင်းစွဲ ပြည်သူ့စစ်တပ်ဖွဲ့များက ရဲလုပ်ငန်း နှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို တာဝန်ယူ ဆောင်ရွက်လျက်ရှိကြပြီး၊ အချို့သော အခြေအနေများတွင်မူ NUG က လမ်းညွှန်ချမှတ်ပေးသည့် လမ်းညွှန်ချက်များအရ ပလဖ များအဖြစ် ပြောင်းလဲ ဖွဲ့စည်းတာဝန်ပေးထားသည်။ အဆိုပါ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့များသည် ဒေသတွင်း စနစ်တကျ ဖွဲ့စည်းထားသော ပညာရေးဆိုင်ရာ ဘုတ်အဖွဲ့များ၊ ကျန်းမာရေး ကော်မတီများ၊ သစ်တောနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲရေး ကော်မတီများနှင့်အတူ ယှဉ်တွဲဖွဲ့စည်းထားခြင်းဖြစ်သည်။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လက်နက်ကိုင်တော်လှန်ရေး နှင့် အသစ်ပေါ်ထွန်းလာသော အုပ်ချုပ်ရေး

စစ်မှုရေးရာ ကွပ်ကဲမှု၊ တိုက်နယ်အုပ်ချုပ်ရေး ဖွဲ့စည်းလည်ပတ်မှု၊ NUG နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုတို့တွင် စစ်ကိုင်းတိုင်း မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသတို့ကြား ဒေသအလိုက် ကွဲလွဲမှု အနည်းငယ်ရှိကြသည်။ စစ်ကောင်စီ၏အုပ်ချုပ်ရေး ကောင်းစွာမလည်ပတ်နိုင်တော့သော စစ်ကိုင်းတိုင်းဒေသကြီးရှိ ဒေသတော်တော်များများတွင် ဒေသန္တရအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကို နယ်မြေခံ ပကဖများက ဦးဆောင်လျက်ရှိသည်။ အဆိုပါနယ်မြေများတွင် နယ်မြေခံ ပကဖများနှင့် သီးခြားစွာတည်ရှိနေသော PDF တပ်ဖွဲ့များကို NUG ကာကွယ်ရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်တွင် အတိုင်းအတာတစ်ခုထိ/အနည်းငယ် ချိတ်ဆက်ဖွဲ့စည်း၍ လှုပ်ရှားဆောင်ရွက်ကြသလို၊ အချို့သော စစ်ကိုင်းတိုင်းမြောက်ပိုင်းရှိ နယ်မြေများတွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၏ ဦးဆောင်မှု၊ ကွပ်ကဲမှုအောက်တွင်လည်း PDF တပ်ရင်းများ ဖွဲ့စည်းလှုပ်ရှားဆောင်ရွက်ကြသည်များလည်း ရှိသည်။ နယ်မြေခံ ပကဖများသည် အာဏာသိမ်းစမှစတင်၍ ဖွဲ့စည်းထားသည့် အုပ်ချုပ်ရေးအဖွဲ့သစ်များတွင် ဦးဆောင်လွှမ်းမိုးမှုရှိကြပြီး NUG သည် မြို့နယ်အဆင့်နှင့် အထက်ပိုင်းအဆင့်များတွင်သာ ကြီးကြပ်မှုနှင့် လမ်းညွှန်မှုပေးရသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အဆိုပါဖွဲ့စည်းမှုများ၏ အကျိုးဆက်ရလဒ်အနေဖြင့် ကျေးရွာအဆင့် အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို မြေပြင်အဆင့်၌ပင် ချမှတ်ကြပြီး ယင်းသည်လည်း မြေပြင်ရှိ တော်လှန်ရေး ကြိုးပမ်းအားထုတ်မှုများအပေါ် စစ်ကောင်စီနှင့် တပ်မတော်က ပြင်းပြင်းထန်ထန် နှိမ်နင်းတိုက်ခိုက်မှုများအကြား အလွန်မြန်ဆန်စွာ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ရသည့် အုပ်ချုပ်ရေးဖွဲ့စည်းပုံကို ထင်ဟပ်နေခြင်းပင်ဖြစ်သည်။


လေ့လာခဲ့သည့် ဒေသများတွင် စစ်အာဏာသိမ်းမှုနောက်ပိုင်း ခိုးမှုနှင့် ခားပြမှုများကို တားဆီး ကာကွယ်ရန်ရည်ရွယ်ချက်ဖြင့် စစ်ကိုင်းတိုင်းရှိ နယ်မြေခံ ပကဖများကို အာဏာသိမ်းပြီး လအနည်းငယ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်းတွင်မူ အချို့သော ပကဖများ၏ အခန်းကဏ္ဍသည် ညဘက်ကင်းစောင့်ခြင်း နှင့် ရွာသားများအား ကာကွယ်ပေးခြင်း တာဝန်များမှသည် စစ်ကောင်စီ စစ်ကြောင်းများကို လက်ဦးမှုရယူတိုက်ခိုက်ခြင်းဆီ တိုးချဲ့လာခဲ့ခြင်း ဖြစ်သည်။ စစ်ကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီး လများတွင် အာဏာသိမ်းမှုအပေါ်ဆန့်ကျင်သည့် လှုပ်ရှားမှုများကိုနှိမ်နင်းရန် အလွန်ပြင်းထန်သည့် အကြမ်းဖက်နည်းလမ်းများကို စတင်အသုံးပြုလာခဲ့ပြီး၊ နယ်မြေခံ အုပ်ချုပ်ရေးမှူးများသည်လည်း ၎င်းတို့၏ ရာထူးတာဝန်များမှ စတင် နုတ်ထွက်ခြင်းဖြစ်စေ၊ ကျေးရွာတော်လှန်ရေးတပ်ဖွဲ့များအကြောင်း သတင်းပေးခြင်းကြောင့် လက်စားချေခံရသည့်ရန်မှ ကာကွယ်ရန် ထွက်ပြေးခြင်းဖြစ်စေ ပြုလုပ်လာကြသောကြောင့် ပကဖများအနေဖြင့် မြို့နယ်အဆင့်နှင့် အောက်ပိုင်းအဆင့်များတွင် အုပ်ချုပ်ရေးတာဝန်ကို NUG ၏ လမ်းညွှန်မှုဖြင့်အညီ စတင်၍ တာဝန်ယူခဲ့ကြသည်။[၉]

အောက်ဖော်ပြပါ ရုပ်ပုံ (၁) တွင် ဖော်ပြထားသကဲ့သို့ပင် စစ်ကိုင်းတိုင်းရှိ ပကဖများသည် NUG ကွပ်ကဲမှုအောက်တွင် အတိုင်းအတာတစ်ခုထိ/အနည်းငယ် ချိတ်ဆက်ဖွဲ့စည်းထားခြင်းမျိုးလည်းရှိသလို၊ စစ်ကိုင်းတိုင်းမြောက်ပိုင်းရှိ တော်လှန်ရေးအဖွဲ့များသည် KIA ၏ အနီးကပ်ကွပ်ကဲမှုဖြင့် လှုပ်ရှားဆောင်ရွက်နေကြသည်လည်း ရှိသည်။ သဘောတရားအရ PDF တပ်ဖွဲ့များသည် အုပ်ချုပ်မှုပိုင်းတွင် သီးခြားအုပ်ချုပ်ရေးအဖွဲ့များ(ပအဖ) ပါဝင်ဖွဲ့စည်းထားသည့် မြို့နယ်အဆင့် ယန္တရားများနှင့် အရပ်သားရဲတပ်ဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း လှုပ်ရှားဆောင်ရွက်ရန်ဖြစ်သည်။ သို့သော် လက်တွေ့တွင်မူ ရှိသည့် လူ့သားရင်းမြစ်အနည်းငယ်ဖြင့် တိုက်ပွဲတွင်း ခုခံတိုက်ခိုက်မှုနှင့် အုပ်ချုပ်ရေးစနစ်များ မြန်ဆန်စွာပြောင်းလဲလျက်ရှိသည့် စစ်ကိုင်းတိုင်းတောင်ပိုင်းနယ်မြေများတွင် နယ်မြေခံ PDF (ပုံ-၁တွင်ဖော်ပြထားသော Indepedent Local PDFs) တပ်ဖွဲ့များသည် မြို့နယ်အဆင့် ကော်မတီများတွင်သာမက ကျေးရွာအုပ်ချုပ်ရေးနှင့် ရဲလုပ်ငန်းတာဝန်များတွင်ပါ လွှမ်းမိုးမှုရှိသည်။ အကျိုးဆက်ရလဒ်အနေဖြင့် အဆိုပါ နယ်မြေဒေသများတွင် တော်လှန်ရေးလှုပ်ရှား

---

၉ Arnold ၂၀၂၁ ခုနှစ် ယခင်ဖော်ပြခဲ့ပြီး စာတမ်းတွင် လေ့လာနိုင်သည်။

ဆောင်ရွက်သူများနှင့် အုပ်ချုပ်ရေးတွင် တာဝန်ယူ ဆောင်ရွက်နေသူများသည် မြို့နယ်နှင့် တိုက်နယ်အဆင့် နှစ်မျိုးလုံးတွင် နှစ်ကြိမ်ထပ် တာဝန်ယူဆောင်ရွက်ရလေ့ရှိသည်။ NUG အနေဖြင့် ခရိုင်အဆင့်နှင့် တိုင်းအဆင့်တွင် ညှိနှိုင်းရေးမှူးများ ခန့်အပ် တာဝန်ပေးထားသော် လည်း စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးအဆင့်တွင် လက်နက်ကိုင်တော်လှန်ရေးနှင့် အုပ်ချုပ်ရေး စနစ်များကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေသော တိုင်းဒေသကြီးအဆင့် ကော်မတီဟူ၍ ကွဲပြားသိသာသော ကော်မတီမျိုးမရှိပေ။ ယင်းအခြေအနေသည် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ အခြေအနေများနှင့် ကွဲပြားလျက်ရှိပြီး၊ အာဏာမသိမ်းခင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု အနည်းဆုံးနှင့် အာဏာသိမ်းအပြီး ရင်းမြစ်များ မလုံလောက်မှု၊ ပြင်ပမှပံ့ပိုးကူညီမှု အားနည်းသည့်အခြေအနေမျိုးတွင် တော်လှန်ရေးကာလအတွင်း အခြေအနေအရ ကြုံသလို ဒေသအခြေအနေအလိုက် စီမံဆောင်ရွက်ရသော ဒေသန္တရအုပ်ချုပ်ရေး သဘောသဘာဝအကြောင်းကို မီးမောင်းထိုးပြနေခြင်းဖြစ်ပြီး ဆက်လက်၍ ရှင်းလင်းဖော်ပြသွားမည် ဖြစ်ပါသည်။




**ပုံ ၁ - စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်မှုပုံစံသစ်**

လက်နက်ကိုင်တော်လှန်ရေးနှင့် အုပ်ချုပ်ရေးတာဝန်များကြား ဝေဝါးစေသည့် အဓိကအကြောင်းရင်းမှာ စစ်ကောင်စီ၏ တပ်မတော်တပ်ဖွဲ့များနှင့် စစ်ကောင်စီလက်ဝေခံ ပြည်သူ့စစ် (ပျူစောထီး) တို့၏ အရှိန်မြှင့်လာသော တိုက်ခိုက်မှုများအကြား ကျေးရွာနှင့် မြို့နယ်အဆင့်တွင် PDF တပ်ဖွဲ့များ/အဖွဲ့ဝင်များ လုပ်ဆောင်နေရသည့် လုပ်ငန်းတာဝန်အမျိုးမျိုးကြောင့်ပင် ဖြစ်သည်။ စစ်ကောင်စီတပ်ဖွဲ့များ၏ လေကြောင်းဗုံးကြဲမှုများနှင့် မြေပြင်တိုက်ခိုက်မှုများ ပုံမှန်ပြုလုပ်နေသည့် အခြေအနေမျိုးတွင် ပကဖများ၏ စစ်ရေးတာဝန်များမှာ ကျေးရွာများ၊ ကျောင်းများတွင် လုံခြုံရေးတာဝန်ယူပေးခြင်း၊ စစ်ကောင်စီ၏တပ်ဖွဲ့များ၊ စစ်ကြောင်းများ မရောက်ခင် ကြိုတင်၍ ကျေးရွာသူ၊ ကျေးရွာသားများကို နေရာရွှေ့ပေးခြင်း၊ တူမီး ခေါ် လက်လုပ်သေနတ်များနှင့် မြေမြှုပ်ဗုံးကိုသုံးကာ စစ်ကောင်စီတပ်ဖွဲ့များကို ပျောက်ကြားတိုက်ခိုက်ခြင်းတို့ပင် ဖြစ်သည်။ နယ်မြေခံ ပကဖများသည် သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် အခြားသော တော်လှန်ရေးအဖွဲ့များထံ ပြန်လည်ပေးပို့ခြင်း စသည်တို့အပါအဝင် ထောက်လှမ်းရေးကဏ္ဍတွင်လည်း အရေးကြီးတာဝန်များကို ယူကြရသည်။ KIA လက်အောက်၌ PDF တပ်ရင်းများ ဖွဲ့စည်းထားသော စစ်ကိုင်းတိုင်း မြောက်ပိုင်းဒေသများတွင်မူ တိုက်နယ်အဆင့်၌ စုဆောင်းရရှိသော သတင်းအချက်အလက်များကို တိုက်စစ်နှင့် ခံစစ် ပြင်ဆင်ရေးတွင် အသုံးပြုစိမ့်သောငှာ တပ်ဖွဲ့ကွပ်ကဲရေး ဖွဲ့စည်းပုံများအရ အထက်အရာရှိများထံ သတင်းပေးပို့ရသည်။ ၂၀၂၂ ခုနှစ် နှစ်

စပိုင်းမှ စတင်၍ စစ်ကောင်စီက စစ်ကိုင်းတိုင်းနေရာအနှံ့အပြားတွင် သတင်းနှင့်ဆက်သွယ်ရေး ဝန်ဆောင်မှုများကို ဖြတ်တောက်ခဲ့သဖြင့် ကျေးရွာ တစ်ရွာနှင့်တစ်ရွာ သတင်းအချက်အလက် ပေးပို့မှုအပါအဝင် သတင်းအချက်အလက် စီးဆင်းမှုတွင် ကျေးရွာ ပကဖတာဝန်ခံများ၏ အခန်းကဏ္ဍသည် ပို၍ပင် အရေးကြီးလာခဲ့သည်။

နယ်မြေခံ ပကဖအဖွဲ့ဝင်များ၏ လိုအပ်ချက်အရ ပို၍ တိုးပွားများပြားလာသော စစ်ရေးနှင့် သတင်းအချက်အလက်ပိုင်းဆိုင်ရာ တာဝန်များကြောင့် အရပ်သားအုပ်ချုပ်ရေးနှင့် စစ်ရေးကွပ်ကဲမှုတို့ကြား တာဝန်များ ဝေဝါးလာစေသည်။ စစ်ကိုင်းတိုင်းအနှံ့ကြုံတွေ့ရသော ပဋိပက္ခ ပြင်းထန်မှုအတိုင်းအတာနှင့် စစ်အတွင်းအုပ်ချုပ်ရေးတွင် အရပ်သားတို့ ပါဝင်ပါတ်သက်လိုမှု နည်းပါးလာခြင်းတို့ကြောင့် ပကဖ အဖွဲ့ဝင်တို့သည် ကျေးရွာအဆင့် ပအဖ အုပ်ချုပ်ရေးကော်မတီများတွင် တာဝန်များစွာယူရန် အမည်စာရင်း တင်သွင်းခံရလေ့ရှိသည်။ စစ်ကိုင်းတိုင်းမြောက်ပိုင်းမှ ကျေးရွာ ပကဖခေါင်းဆောင်တစ်ဦးက ၎င်းတို့၏ အရေးကြီးသော တာဝန်များကို မေးမြန်းမှုတစ်ခုတွင် ဖြေဆိုသည်မှာ - "*ပကဖ (နယ်မြေခံ ပကဖ တွေဟာ ဟင်းပွဲတွေမှာ ပါတဲ့ ဆားလိုပဲ။ ဆားက မရှိမဖြစ် လိုအပ်သလိုမျိုးပဲ။ ဘဝမှာ ဆားမရှိရင် မဖြစ်ဘူး။*" ဟူ၍ ဖြေဆိုခဲ့သည်။ စစ်ကောင်စီထိန်းချုပ်မှုလွတ်မြောက်သော နယ်မြေဒေသများတွင် လူငယ်များသည် မူဝါဒရေးရာနှင့် များစွာသော လူမှုရေးကော်မတီများ၌ ပိုမိုပါဝင်ကြသည်ကို တွေ့ရသည်။ စစ်ကိုင်းတိုင်းတောင်ပိုင်းမှ ပြည်သူတစ်ဦးက ရှင်းပြသည်မှာ -

> "အုပ်ချုပ်ရေးစနစ်သစ်ကို လူငယ်တွေက ဦးဆောင်နေတာ။ ရပ်မိရပ်ဖတွေနဲ့ အရင်မျိုးဆက်တွေက လက်ရှိအခြေအနေမှာ တာဝန်ယူဖို့ကို တွန့်ဆုတ်နေကြတယ်။ ဒါကြောင့်ပဲ လူငယ်ခေါင်းဆောင် အရေအတွက်ကလည်း နည်းနေတော့ ပအဖ နဲ့ ပကဖမှာ သူတို့ပဲ နှစ်မျိုးလုံး တာဝန်ပေးဖြစ်သွားတာပေါ့။ "

လေ့လာခဲ့သည့် မြို့နယ်များအရ စစ်ရေးနှင့် အုပ်ချုပ်ရေးတာဝန်များ ရောနှောနေမှုတွင် စစ်ကိုင်းတိုင်း မြောက်ပိုင်း နှင့် တောင်ပိုင်း ဒေသကြား ကွဲပြားမှုအနည်းငယ်ရှိကြောင်း လေ့လာသိရှိရသည်။ စစ်ကိုင်းတိုင်း မြောက်ပိုင်းဒေသများတွင် တော်လှန်ရေးအဖွဲ့များကို KIA က ကွပ်ကဲမှုပေးသော ဒေသတွင်းတပ်ဖွဲ့ ဖွဲ့စည်းပုံအဖြစ်ဖွဲ့စည်းထားသောကြောင့် နယ်မြေခံ ပကဖများနှင့် KIA ကြား ပေါင်းစပ်ညှိနှိုင်းကွပ်ကဲမှု အားကောင်းသည်ကိုတွေ့ရသည်။ အဆိုပါနယ်မြေများရှိ မြို့နယ်အဆင့်နှင့် အောက်ပိုင်းအဆင့်များတွင် KIA ၏ အခန်းကဏ္ဍသည် အုပ်ချုပ်မှုပိုင်း၌ စီမံခန့်ခွဲခြင်းအထိ မတွေ့ရသော်လည်း စစ်ကိုင်းတိုင်း တောင်ပိုင်းဒေသများနှင့်ယှဉ်သော် စစ်ကိုင်းတိုင်း မြောက်ပိုင်းဒေသများတွင် NUG ကြီးကြပ်သော ယန္တရားများအပါအဝင် မြို့နယ်အဆင့် အုပ်ချုပ်ရေး အဖွဲ့များအကြား ပို၍အားကောင်းသော ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများရှိကြောင်း တွေ့ရသည်။ ထိုသို့အားကောင်းခြင်းသည် စစ်ကိုင်းတိုင်းမြောက်ပိုင်း KIA ၏ ကွပ်ကဲမှုအောက်ရှိ တော်လှန်ရေး အဖွဲ့များအားဒေသန္တရအုပ်ချုပ်ရေးတည်ထောင်မှုဆိုင်ရာ ၎င်း၏ အတွေ့အကြုံများကို မျှဝေခြင်း၏ ရလဒ် ဟုတ်၊မဟုတ် မရှင်းလင်းပေ။ သို့သော် သိသာထင်ရှားသည့်အချက်မှာ စစ်ကိုင်းတိုင်း မြောက်ပိုင်းဒေသများတွင် စစ်ဆင်ရေးများအတွက် PDF တပ်ရင်းများကို KIA ၏ ဦးဆောင်ညှိနှိုင်းပေးမှု အခန်းကဏ္ဍသည် NUG အနေဖြင့် မြို့နယ်အဆင့်နှင့် အထက်ပိုင်းအဆင့်များတွင် ပို၍ တရားဝင်သည့် ဦးဆောင်မှုအခန်းကဏ္ဍတစ်ခု ရရှိစေခဲ့ခြင်းဖြစ်ပြီး ဖြစ်နိုင်သည်မှာ ထိုဒေသများရှိ မြို့နယ်အဆင့်နှင့် အထက်ပိုင်း အဆင့်များ၌ PDF တပ်ဖွဲ့ ဖွဲ့စည်းပုံများ စနစ်တကျ ဖွဲ့စည်းထားမှု၏ အကျိုးဆက်ရလဒ်ကြောင့် ဖြစ်နိုင်ပေသည်။ ဆန့်ကျင်ဘက်အနေဖြင့် စစ်ကိုင်းတိုင်းတောင်ပိုင်းဒေသများတွင် နယ်မြေခံ  PDF တပ်ဖွဲ့များကြား စစ်ရေးကွပ်ကဲမှုနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုသည် ပို၍ အလွတ်သဘောဆန်သော ပုံစံမျိုးကိုသာတွေ့ရှိရသည်။ အကျိုးဆက်ရလဒ်အနေဖြင့် အဆိုပါဒေသများရှိ တော်လှန်ရေးအဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့သော်လည်းကောင်း၊ မြို့နယ်အဆင့်နှင့် အောက်ပိုင်းအဆင့်များတွင် အုပ်ချုပ်ရေးစနစ်များတွင်သော်လည်းကောင်း ပို၍လွတ်လပ်စွာ/သီးခြား ရပ်တည်ကြပြီး၊ စစ်ကိုင်းတိုင်းမြောက်ပိုင်းဒေသများနှင့် နှိုင်းယှဉ်သော် NUG ကြီးကြပ်စီမံသော ယန္တရားတွင် ပါဝင်မှု ပို

နည်းသည်။

## ချင်းပြည်နယ်ရှိ ဆင့်ကဲပြောင်းလဲလျက်ရှိသော အုပ်ချုပ်ရေး


မြန်မာနိုင်ငံအလယ်ပိုင်းဒေသနှင့်နှိုင်းယှဉ်သော် အာဏာသိမ်းပြီးစမှစတင်၍ ချင်းပြည်နယ်တွင် နယ်မြေခံ CDF တပ်ဖွဲ့များသည် အုပ်ချုပ်ရေးဖွဲ့စည်းပုံအတွင်း ပါဝင်မှု သိပ်မရှိပေ။ စစ်ကိုင်းတိုင်းဒေသနှင့် ယှဉ်လျှင်လည်း နယ်မြေခံ တော်လှန်ရေးအဖွဲ့များသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များတွင် ပါဝင်လေ့မရှိကြဘဲ၊ ကျေးရွာအဆင့်တွင်လည်း ရဲလုပ်ငန်းတာဝန်နှင့် တရားစီရင်ရေး ယန္တရားများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားသည်ကို မတွေ့ရပေ။ (ဖြစ်စဉ် ၃ တွင် လေ့လာနိုင်သည်။) ထိုသို့ဖြစ်ရသည်မှာ ချင်းပြည်နယ် ကာကွယ်ရေးတပ်ဖွဲ့များ (CDF) ၏ ရှိရင်းစွဲ ကွပ်ကဲရေးနှင့် အုပ်ချုပ်ရေး နည်းလမ်းများကြောင့် ဖြစ်သည်။ ချင်းပြည်နယ် ကာကွယ်ရေးတပ်ဖွဲ့သည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် အလယ်ပိုင်းဒေသရှိ နယ်မြေများထက် စောလျှင်စွာပင် စုစည်းလှုပ်ရှားခဲ့ခြင်းဖြစ်သည်။ ချင်းပြည်နယ်တွင် ချင်းအမျိုးသားတပ်ဦး (၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးသည်) နှင့် ၂၀၂၁ ခုနှစ် မတိုင်ခင်ကတည်းက စစ်ရေးအရ ဖွဲ့စည်းပြီးဖြစ်သော ဇိုမီးတော်လှန်ရေးတပ်မတော်တို့ အပါအဝင် ပြည်သူ့စစ်အဖွဲ့များစွာလည်း ရှိနှင့်နေပြီးဖြစ်သည်။ သို့ရာတွင် ချင်းပြည်နယ်တွင် တော်လှန်ရေးအဖွဲ့များစွာသည် အာဏာသိမ်းသည်မှစတင်၍ ပိုမိုအားကောင်းစွာ ပေါ်ထွက်လာခဲ့ပြီး၊ ၎င်းတို့သည် ယခင်ကတည်းကရှိပြီးဖြစ်သည့် လက်နက်ကိုင်အဖွဲ့များနှင့် တိုက်ရိုက်ပတ်သက်မှု သိပ်မရှိဘဲ/ပတ်သက်မှုအနည်းငယ်မျှသာရှိသည်။ တစ်ချို့သောကိစ္စရပ်များတွင် ၎င်းချင်းပြည်နယ် ကာကွယ်ရေးတပ်ဖွဲ့များ (CDF) များနှင့် ရှိရင်းစွဲ ပြည်သူ့စစ်အဖွဲ့များအကြား တိုက်ပွဲ ဖြစ်ပွားခဲ့သည်များလည်းရှိသည်။[10] ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတည်းက ဖွဲ့စည်းခဲ့သော CDF တပ်ဖွဲ့ ဖွဲ့စည်းပုံသည် မျိုးနွယ်စုများအပေါ်အခြေခံ၍ ဖယ်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတော်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသော ချင်းပြည်ထောင်တစ်ခု ပြည့်ပြည့်ဝဝ ထူထောင်လိုသည့် ချင်းတိုင်းရင်းသားတို့၏ ညီညွတ်သော သဘောထားကို လက်ခံထားရှိသည့် ကွန်ယက်များတွင် အခြေခံထားခြင်းဖြစ်သည်။ CDF တို့၏ ပြတ်သားသော မျိုးနွယ်စု ဖယ်ဒရယ် မျှော်မှန်းချက်နှင့် NUG အပေါ် များစွာ မှီခိုမှုမပြုသည့် ၎င်းတို့၏ တပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုနှင့် ကွပ်ကဲမှု ဖွဲ့စည်းပုံအရ စစ်ကိုင်းတိုင်းရှိ PDF တပ်ဖွဲ့များနှင့် နယ်မြေခံ တော်လှန်ရေးအဖွဲ့များနှင့် သိသာစွာ ကွဲပြားနေပေသည်။

CDF ၏ ကွဲပြားခြားသော မူလအစဖွဲ့စည်းမှု၊ ကွပ်ကဲမှု ဖွဲ့စည်းပုံများနှင့် မျှော်မှန်းချက်များအပြင် အာဏာမသိမ်းခင်တည်းက ချင်းပြည်နယ်ဒေသအများစုအနှံ့ ပြည်ထောင်စုဝန်ကြီးဌာနများ ပေါက်ရောက်မှု နည်းပါးခြင်းတို့ကြောင့် ချင်းပြည်နယ်၏ အရပ်သားအုပ်ချုပ်မှု ဖွဲ့စည်းပုံသည် စစ်ကိုင်းတိုင်းနှင့် မတူဘဲ ကွဲပြားနေခြင်းဖြစ်သည်။ အထူးသဖြင့် အာဏာမသိမ်းခင်တည်းက တိုက်နယ်အဆင့် ပဋိပက္ခဖြေရှင်းခြင်းတွင် မျိုးနွယ်စု ခေါင်းဆောင်များနှင့် ဖွဲ့စည်းပုံတို့ကို ပေါင်းစပ် အသုံးပြုထားပြီးဖြစ်သည့် အဆိုပါနယ်မြေများ၌ မြို့နယ်အဆင့်၊ အောက်ပိုင်းအဆင့်များ၌ စစ်ကောင်စီအုပ်ချုပ်ရေး ပြိုလဲပြီးနောက်တွင် မျိုးနွယ်စုခေါင်းဆောင်တို့၏ အခန်းကဏ္ဍသည် အုပ်ချုပ်ရေးပိုင်းတွင် ပို၍ အရေးကြီးလာလျက်ရှိသည်။ ထို့အပြင် အာဏာမသိမ်းမီကာလတည်းက ချင်းပြည်နယ်ရှိ ဝေးလံခေါင်သီသော ဒေသများတွင် ဖွဲ့စည်းပြီးဖြစ်သည့် ကိုယ်ပိုင်စီမံအုပ်ချုပ်ရေးဆိုင်ရာ အလေ့အကျင့်များနှင့် ဖွဲ့စည်းပုံများသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ ပို၍ ခိုင်မာအားကောင်းလာခြင်းပင်ဖြစ်သည်။

ရုပ်ပုံ (၂) တွင် ချင်းပြည်နယ်အတွင်း ကွပ်ကဲမှု ဖွဲ့စည်းပုံနှင့် ကွပ်ကဲမှုလမ်းကြောင်း၊ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်မှုနှင့် လွှမ်းမိုးမှု လျော့နည်းခြင်းတို့သည် အာဏာသိမ်းအပြီး အုပ်ချုပ်မှုနှင့် အုပ်စိုးမှုတို့ကို ပုံဖော်

၁၀ ၂၀၂၁ ခုနှစ် ခင်ရီရီဇော်၏ မြန်မာ့နောင်းဂျာနယ် ဒီဇင်ဘာလ ၈ ရက်ထုတ် စာစောင်ပါ “ခေါင်းဆောင်ကို သတ်ဖြတ်မှုအတွက် ချင်း PDF အဖွဲ့များက ဇိုမီးတော်လှန်ရေးတပ်မတော်အပေါ် စွပ်စွဲမှု” တွင် အာဏာသိမ်းပြီးသည်မှစ၍ ဇိုမီးတော်လှန်ရေးတပ်မတော် နှင့် ချင်းပြည်နယ်ရှိ PDF အဖွဲ့များကြား တင်းမာမှုများကို သာဓကအဖြစ် လေ့လာနိုင်သည်။

နေကြောင်း ဖော်ပြသည်။ စစ်ကိုင်းတိုင်းနှင့် အလားတူပင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန လုပ်ငန်းတာဝန်များသည် စစ်ကောင်စီက နယ်မြေအုပ်စိုးမှုရယူထားသည့် မြို့နယ်များရှိ မြို့ပေါ်ဒေသများတွင်သာ လည်ပတ်လျက်ရှိသည်။ ချင်းပြည်နယ် ဒေသအနှံ့အပြားရှိ ကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် အာဏာသိမ်းအပြီးတွင် ၎င်းတို့၏ ရာထူးများမှ နုတ်ထွက်ခဲ့ကြသည်။ မြို့နယ်ထွေအုပ်ရုံးများသည် စစ်ကောင်စီထိန်းချုပ်သည့် နယ်မြေများကို ဖြတ်သန်း၍ ဆန် နှင့် အခြားစားနပ်ရိက္ခာများ သယ်ယူပို့ဆောင်ရေးအတွက် လိုအပ်သည့် ကုန်သွယ်ရေး လုပ်ငန်းပိုင်းဆိုင်ရာ ခွင့်ပြုချက်များကို စီမံဆောင်ရွက်လျက်ရှိပြီး ထိုအကြောင်းကို ဒုတိယစာတမ်းတွင် ထပ်မံ၍ ဆွေးနွေးဖော်ပြသွားမည် ဖြစ်သည်။




**ပုံ ၂ - ချင်းပြည်နယ် စီမံအုပ်ချုပ်မှုပုံစံသစ်**

NUG နှင့် ၎င်း၏ ကာကွယ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ အပါအဝင် ချင်းပြည်နယ်ရှိ စစ်ကောင်စီ ဆန့်ကျင်တော်လှန်ရေးအဖွဲ့များ၏ အုပ်ချုပ်မှုနှင့် ဗျူဟာကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ကို ပြည်နယ်အဆင့် ကော်မတီဖြစ်သည့် ကြားကာလ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ချင်းအမျိုးသား ကော်မတီ (ICNCC) နှင့် ညှိနှိုင်းဆောင်ရွက်သည်။ ICNCC တွင် ချင်းအမျိုးသားတပ်ဦး (CNF) မှ တာဝန်ရှိ ကိုယ်စားလှယ်များ၊ (အာဏာသိမ်းအပြီး တော်လှန်ရေးအဖွဲ့ပေါင်း ၁၂ ဖွဲ့ ကျော်ခန့် ပူးပေါင်းထားသော မိတ်ဖက်အဖွဲ့ဖြစ်သည့်) ချင်းပြည်နယ် ပူးတွဲကာကွယ်ရေး ကော်မတီ၊ ချင်းပြည်နယ် အရပ်ဘက်အဖွဲ့အစည်းများအပြင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ရွေးကောက်ခံခဲ့ရသော နိုင်ငံရေးသမားများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ နယ်မြေခံ CDF များ၏ စစ်ဆင်ရေးများကို သက်ဆိုင်ရာ မြို့နယ်များမှ တပ်မှူးများဖြင့် ဖွဲ့စည်းထားသည့် ပြည်နယ်အဆင့် ကော်မတီဖြင့် ဆုံးဖြတ်ညှိနှိုင်းဆောင်ရွက်ကြသည်။ အုပ်ချုပ်မှုပိုင်းတွင် မြို့နယ်အဆင့်နှင့် အောက်ပိုင်းအဆင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များကို အဓိကအားဖြင့် CDF က အစပျိုး ဦးစီးဦးဆောင် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။


ယေဘုယျအားဖြင့် ချင်းပြည်နယ်ရှိ လက်နက်ကိုင်တပ်ဖွဲ့များသည် စစ်ကိုင်းတိုင်းဒေသကြီးရှိ ပကဖများနှင့် ယှဉ်သော် မြို့နယ်အဆင့်အောက်ပိုင်း၌ အုပ်ချုပ်ရေးပိုင်းတွင် တရားဝင် ရယူဆောင်ရွက်မှု နည်းပါးသည်။ မင်းတပ် နှင့် ကန်ပက်လက်မြို့နယ်များကဲ့သို့သော ချင်းပြည်နယ် တောင်ပိုင်းရှိ မြို့နယ်များတွင် ပအဖ များနှင့်စပ်လျဉ်း၍ ဒေသအလိုက် ကွဲပြားမှုအနည်းငယ်ရှိပြီး၊ မြို့နယ်အဆင့်နှင့် အောက်ပိုင်းအဆင့်များ၌ တော်လှန်ရေးအဖွဲ့များ၏ လုပ်ရှားဆောင်ရွက်မှုများကို ကိုယ်ပိုင်လွတ်လပ်စွာ လှုပ်ရှားဆောင်ရွက်

စေသည်။ အဆိုပါ နယ်မြေများတွင် တော်လှန်ရေးအဖွဲ့များအနေဖြင့် ဒေသန္တရ အုပ်ချုပ်မှုတွင် ထဲထဲဝင်ဝင် မပါဝင်ခြင်းသည် လက်နက်ကိုင်တော်လှန်သူများနှင့် အရပ်သားတို့၏ ဆုံးဖြတ်ချက်ချမှုတို့အကြား ကွဲပြားစေရန်ရည်ရွယ်ချက်ဖြင့် အသိရှိရှိ ရွေးချယ်ခဲ့သည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်း အာဏာသိမ်းအပြီး အုပ်ချုပ်ရေးပိုင်းတွင် ပါဝင်လာသော ဖြေဆိုသူအချို့က အထူးပြုပြောကြားခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် ထန်တလန် နှင့် တွန်းဇံတို့ကဲ့သို့သော ချင်းပြည်နယ် မြောက်ပိုင်းမြို့နယ်များတွင် CDF များသည် ဒေသန္တရ အုပ်ချုပ်ရေးတွင် ပို၍တက်ကြွစွာ ပါဝင်ပံ့ပိုးသည်။ ချင်းပြည်နယ်ဒေသများတွင် ပအဖများ ဖွဲ့စည်းပုံသည် ဒေသအလိုက် ကွဲပြားမှုရှိပြီး ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေး၊ ခုခံကာကွယ်ရေး၊ ပြည်သူ့လုံခြုံရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ စိုက်ပျိုးရေး နှင့် စားနပ်ရိက္ခာဖူလုံမှုတို့နှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုပေးရန် ရည်ရွယ်ချက်ဖြင့် ကျေးရွာများစွာတွင် ကော်မတီများကို ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ကျေးရွာခေါင်းဆောင်များ ရွေးချယ်ခြင်းကို အာဏာသိမ်းပြီးစမှစတင်၍ ကျေးရွာအုပ်စုများစွာတွင် ကျင်းပရွေးချယ်ခဲ့သည်။ ကျေးရွာခေါင်းဆောင်တစ်ဦး၏ တာဝန်များမှာ အုပ်ချုပ်ရေးပိုင်း၊ အငြင်းပွားမှု ဖြေရှင်းခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် အခြား ကျေးရွာခေါင်းဆောင်များ၊ အရေးကြီး အရပ်သားခေါင်းဆောင်များ၊ တော်လှန်ရေး ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ပင် ဖြစ်သည်။ လေ့လာခဲ့သည့် ကျေးရွာအများစုတွင် နယ်မြေခံအဆင့် ပို၍ကျယ်ပြန့်သော အုပ်ချုပ်ရေးလုပ်ဆောင်ချက်များကို ပံ့ပိုးမှုပေးသည့် ကောင်စီများကို ဖွဲ့စည်းပြီး ဖြစ်သည်။

## ရခိုင်ပြည်နယ်ရှိ ဆင့်ကဲပြောင်းလဲနေသော လူမှုအုပ်ချုပ်ရေး

၂၀၂၁ ခုနှစ် အစောပိုင်းမှစတင်၍ ရခိုင်ပြည်နယ်ရှိ စစ်ဘက်နှင့် အရပ်ဘက် အုပ်ချုပ်ရေးသည် **ဗန္ဓာတ် (ထွေးရောယှက်တင်)** အုပ်ချုပ်မှုပုံသဏ္ဍာန် ပိုပေါ်လာပြီး၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုံ သို့မဟုတ် ချင်းပြည်နယ်တို့ရှိ တော်လှန်ရေးစတင်သည့် နယ်မြေသစ်များတွင် တွေ့ရသောအုပ်ချုပ်မှုပုံစံနှင့် ကွဲပြားသည့် အချက်များ ရှိနေသည်။ အာရက္ခန်စစ်တပ်နှင့် တပ်မတော်တို့ကြား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် သဘောတူခဲ့ပြီး၊ လက်ရှိအကျုံးဝင်ဆဲဖြစ်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကြောင့် ရခိုင်ပြည်နယ်ရှိ ဒေသန္တရအုပ်ချုပ်ရေးသည် မြန်မာနိုင်ငံတော်အစိုးရ၏ ကျေးရွာအဆင့် အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်မှုအတိုင်း ရှိနေသည်။ သို့သော် တိုက်နယ်အဆင့် အုပ်ချုပ်ရေးဆိုင်ရာစနစ်နှင့် ကွန်ယက်များကိုမူ အာရက္ခန်စစ်တပ်နှင့် ယင်း၏ နိုင်ငံရေးလက်တံဖြစ်သည့် ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် (ULA) ၏ အုပ်ချုပ်မှုစနစ်၊ စစ်ရေးကွပ်ကဲမှု နှင့် နိုင်ငံရေးမျှော်မှန်းချက်တို့နှင့် နက်ရှိုင်းစွာဆက်နွယ်နေသည်။

ရုပ်ပုံ (၃) တွင် ဖော်ပြထားသကဲ့သို့ပင် ရခိုင်ပြည်နယ် ဒေသအများအပြားရှိ အုပ်ချုပ်ရေးကို (စစ်ရေးကွပ်ကဲသောနယ်မြေများနှင့် ထပ်တူညီသည့်) ဒေသအုပ်ချုပ်ရေး အဖွဲ့များ၊ ဒေသအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေး ကော်မတီများနှင့် ကျေးရွာ အုပ်ချုပ်ရေးကော်မတီများဖြင့် ချိတ်ဆက်ထားသည့် ကောင်စီအဖြစ် အဆင့်ငါးဆင့် ပိုင်းခြား ဖွဲ့စည်းထားပါသည်။ ထိပ်ဆုံးအဆင့်ကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်များဟူ၍လည်း ရည်ညွှန်းခေါ်ဆိုကြပြီး၊ AA တိုင်းမှူး နှင့် ULA မှ နိုင်ငံရေးကိုယ်စားလှယ်များက ဦးဆောင်သည်။ အရပ်ဘက်အဖွဲ့အစည်းများနှင့် ရခိုင်ပြည်နယ်ရှိ နိုင်ငံရေးပါတီများသည် ULA နှင့် အနီးကပ် ထိတွေ့ဆက်ဆံမှုရှိကြသော်လည်း အဆိုပါကော်မတီတွင် တရားဝင် တာဝန်ယူထားခြင်း မရှိကြပေ။ အဆိုပါ အုပ်ချုပ်ရေးအာဏာပိုင်တို့သည် ဒေသန္တရအုပ်ချုပ်ရေးတွင် အမြင့်ဆုံးအဖွဲ့ဖြစ်ပြီး၊ တရားစီရင်ရေးအာဏာကို ကျင့်သုံးသလို၊ လက်အောက်ခံ အုပ်ချုပ်ရေးအဖွဲ့အားလုံးအပေါ် မူဝါဒလမ်းညွှန်ချက်များ နှင့် ညွှန်ကြားချက်များ ပေးသည်။ ယင်းသည် ဒေသခွဲများ သို့မဟုတ် ဒေသများအလိုက် ကွဲလွဲသော်လည်း အခွန်အခဦးစီးဌာန၊ သစ်တောဦးစီးဌာန နှင့် မူဆလင်ဆက်ဆံရေး ဦးစီးဌာနတို့ အပါအဝင် ကဏ္ဍအလိုက် ဌာနများဖြင့် ဖွဲ့စည်းထားသည်။




**ပုံ ၃ - ရခိုင်ပြည်နယ် စီမံအုပ်ချုပ်မှုပုံစံသစ်**

ချင်းပြည်နယ်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသအချို့တို့နှင့် အလားသဏ္ဍာန်တူသော ထိုအုပ်ချုပ်ရေးအဆင့် အောက်ပိုင်းအဆင့်များတွင်မူ ULA/AA တို့၏ အာဏာသိမ်းအပြီး အုပ်ချုပ်ရေးအပေါ် ချဉ်းကပ်သည့်နည်းလမ်းသည် လေ့လာခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့်မတူပဲ ထူးခြားသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံရှိ အခြားသော တိုင်းဒေသကြီးများနှင့်မတူဘဲ အာဏာသိမ်းအပြီး ဆက်လက်လည်ပတ်နေသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) ၏ အောက်ခြေအဆင့် အုပ်ချုပ်ရေးမှူးများကို ULA/AA ၏ လုပ်ငန်းစဉ်များအတွက် ရယူသုံးစွဲပြီး ရှိပြီးသားအုပ်ချုပ်ရေးပိုင်းကိုလည်း ဆက်လက်လည်ပတ်စေရန် ခွင့်ပြုပေးသောကြောင့်ဖြစ်သည်။ ရခိုင်ပြည်နယ်တောင်ပိုင်းရှိ မြို့နယ်အချို့မှလွဲ၍ အာဏာမသိမ်းခင်က ရွေးချယ်ခံရသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး (အားလုံး မဟုတ်သော်လည်း) အများစုသည် ULA ၏ အုပ်ချုပ်ရေးဖွဲ့စည်းပုံများတွင် ဝင်ရောက်နေရာယူခဲ့ကြသည်။ လက်တွေ့တွင်မူ အုပ်ချုပ်ရေးမှူးများသည် အာဏာသိမ်းပြီးမှစတင်၍ အခြားဒေသတော်လှန်သည့်နယ်မြေများနှင့် လုံးဝမတူဘဲ စစ်ကောင်စီနှင့် ULA လမ်းညွှန်းချက် နှစ်မျိုးလုံးအရ စီမံဆောင်ရွက်ကြသည်။ တပ်မတော်နှင့် ULA/AA တို့ကြား သဘောတူထားသည့် အပစ်အခတ်ရပ်စဲရေးနှင့် အာဏာမသိမ်းခင်တည်းက ရခိုင်ပြည်နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပေါ် ထောက်ခံအားပေးမှု နည်းပါးခြင်းတို့ကြောင့် ရခိုင်ပြည်နယ်ရှိ အစိုးရဝန်ထမ်း အနည်းငယ်ကသာ ဖြုတ်ချခံရသော အရပ်သားအစိုးရကို ထောက်ခံအားပေးသည့် အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုများတွင် ပါဝင်ကြသည်။ ထိုအစား ULA/AA အနေဖြင့် အာဏာမသိမ်းမီက ရွေးကောက်ခံရသော ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် နီးကပ်သော ဆက်ဆံရေးတည်ဆောက်ရန် စီမံဆောင်ရွက်ခဲ့သည်။ ထွေအုပ်ရုံးအောက်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးကောက်ခြင်းဆိုင်ရာ စည်းမျဉ်းများဖြင့် ရွေးကောက်ခံခဲ့ရသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် စစ်ကောင်စီ၏ အုပ်ချုပ်ရေးမှူးများအဖြစ် နေမြဲရာထူးအတိုင်း ဆက်လက်နေရာယူထားကြကြောင်း သုတေသီများက လေ့လာသိရှိခဲ့သည်။ တဆက်တည်းမှာပင် အာဏာသိမ်းပြီးစမှ စတင်၍ ခုခံတော်လှန်လာသည့် နယ်မြေသစ်များနှင့်ယှဉ်သော် အဆိုပါ အုပ်ချုပ်ရေး

မှုးများစွာသည် စစ်ကောင်စီ နှင့် ULA နှစ်ဘက်လုံး၏ လမ်းညွှန်မှုအတိုင်း လိုက်နာဆောင်ရွက်ကြသည်။[၁၁] ၂၀၂၁ ခုနှစ် နှောင်းပိုင်းမှစတင်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အချို့သောနေရာများရှိ ကျေးရွာကော်မတီများသည် ULA ၏ နယ်မြေမှူးများ/ဒေသအုပ်ချုပ်ရေးမှူးများထံ တိုက်ရိုက် အစီရင်ခံနေကြပြီဖြစ်သည်။ ဤသို့ ပြောင်းလဲမှုများကြောင့် ၂၀၂၁ ခုနှစ် အစောပိုင်းကတည်းက ဒေသတွင်း လူမှုဘဝများတွင် ULA ၏ လွှမ်းမိုးမှု ပိုအားကောင်းခဲ့ပြီး ရံဖန်ရံခါတွင် ထိုရည်ရွယ်ချက်အတွက် စစ်ကောင်စီ၏ ရင်းမြစ်များကို အသုံးပြုခဲ့သည်။ ထို့အပြင် တပ်မတော်နှင့် ပဋိပက္ခဖြစ်နေခဲ့သည့် ဆယ်စုနှစ်တစ်ခု နီးပါးခန့်အကြာ နောက်ပိုင်းတွင် သာမန်ပြည်သူများအတွက် ဒေသန္တရ အုပ်ချုပ်ရေးမှူးများနှင့် အပြန်အလှန်ဆက်သွယ်မှုများကိုလည်း အတိုင်းအတာတစ်ခုအထိ ဆက်လက်လည်ပတ်စေခဲ့သည်။

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ကျေးရွာအုပ်ချုပ်ရေးမှူးများကို ကြီးကြပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရာအိမ်မှူးများက တင်ပို့လာသည့် အငြင်းပွားမှုများ၊ တရားရေးအမှုများကို ခုံသမာဓိနည်းဖြင့် ဖြေရှင်းခြင်းနှင့် ထွေအုပ်ရုံးက ကောက်ခံသောအခွန်များကို ကောက်ယူရာတွင် လိုက်ပါကူညီခြင်းတို့ကို ပြုလုပ်ရသည်။ မြို့နှင့်ဝေးလံသည့် ဒေသများတွင်မူ ထွေအုပ်ဦးစီးဌာနက ခန့်အပ်သော ကျေးရွာအုပ်စုနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့သည် ငါးဖမ်းလုပ်ငန်း လိုင်စင်များအတွက် အခွန်အခ ကောက်ခံခြင်း၊ သဲ၊ ကျောက် ထုတ်ယူမှုဆိုင်ရာ အခွန်များနှင့် ချေးငွေအပေါ် ပြန်ဆပ်ငွေများကို ကောက်ခံခြင်း စသည်တို့ အပါအဝင် ဌာနလုပ်ငန်းတာဝန်များကို ပံ့ပိုးကူညီရာ၌ အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ULA အနေဖြင့် အဆိုပါအခွန်အခများ ကောက်ခံမှုကို ဆက်လက်၍ ခွင့်ပြုထားသော်လည်း GAD ဝန်ထမ်း/ အုပ်ချုပ်ရေးမှူးများ ကောက်ယူရရှိသော အခွန်ငွေများမှ အချိုးအစားတစ်ခုကိုရယူရန် ဆန္ဒရှိနေသည်ကိုတွေ့ ရပြီး ထိုအကြောင်းကို စာတမ်း (၂) တွင် ဆက်လက်ဆန်းစစ် သုံးသပ်ထားပါသည်။ ထို့ထက်အရေးကြီးသည့် အချက်မှာ ULA အနေဖြင့် မိခင်သစ်များနှင့် သက်ကြီးရွယ်အိုတို့အတွက် ငွေကြေးထောက်ပံ့ခြင်း စီမံကိန်း များ အပါအဝင် စစ်ကောင်စီဖော်ဆောင်သည့် အလုပ်များကို ဆက်လက်လည်ပတ်စေရန် ခွင့်ပြုပေးခြင်း ဖြင့် ရပ်ရွာလူထုအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီစေခြင်းဖြစ်သည်။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အားလုံး မဟုတ်တောင် အများစုသည် အာဏာမသိမ်းခင်ကာလတွင် ရွေးကောက်ခံခဲ့ရပြီး၊ ULA က ၎င်းတို့ကို ဆက်လက်တာဝန်ထမ်းဆောင်ရန် ခွင့်ပြုပေးခဲ့ရာ ယခုအုပ်ချုပ်ရေးပုံစံအသစ်တွင် ၎င်း တို့သည် တရားဝင်မှုနှင့် ကိုယ်စားပြုမှုပုံစံ ရှိနေသော ကြားခံလူများအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ၎င်း တို့၏ ထူးခြားသောအနေအထားကြောင့် စာသင်ကျောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော ပြည်သူ့ ဝန်ဆောင်မှုများအတွက် ULA အထက်ပိုင်း အာဏာပိုင်များနှင့်သာမက စစ်ကောင်စီနှင့်ပါ ထိတွေ့ဆက်ဆံနိုင် စေခဲ့ခြင်း ဖြစ်သည်။

ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် သက်ဆိုင်ရာ ရပ်ရွာလူထုက ရွေးချယ်ထားသည့် ကျေးရွာအုပ်ချုပ် ရေးမှူးများ၊ ရပ်ရွာခေါင်းဆောင်များပါဝင်သည့် ULA ကျေးရွာအုပ်ချုပ်ရေးကော်မတီများနှင့် တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်သည်။ ၎င်းကျေးရွာအုပ်ချုပ်ရေးကော်မတီများ၏ တာဝန်များမှာ အငြင်းပွားမှု ဖြေရှင်း ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစရှိသော ပုံမှန် ကျေးရွာအုပ်ချုပ်ရေးအလုပ်များနှင့် စစ်ကိုင်းတိုင်းရှိ ပြည်သူ့ လုံခြုံရေးအဖွဲ့များနှင့် အလားတူ တာဝန်များကို ဆောင်ရွက်ခြင်းတို့ဖြစ်ကြသည်။ ၎င်းတို့ကို ရပ်ရွာနှင့်အနီး ဆုံးနေရာတွင် တာဝန်ချထားသောကြောင့် ၎င်းတို့သည် အုပ်ချုပ်မှုပုံစံသစ်၏ မျက်နှာစာများဖြစ်ကြပြီး၊ ပုံ မှန်လုပ်ငန်းဆောင်တာများ၊ အငြင်းပွားမှု ဖြေရှင်းခြင်းတို့မှတဆင့် ဒေသခံတို့၏ဘဝများအပေါ် လွှမ်းမိုးနိုင်ကြ သည်။ ၎င်းတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အာရကန် ပြည်ထောင်ပေါ်ထွန်းရေးဆိုင်ရာ “ရက္ခိတ နည်းလမ်း” ဟူသော ပို၍ကြီးကျယ်သောအိမ်မက်ကို အကောင်အထည်ဖော်ရန် စစ်ကောင်စီနှင့် ဗဟိုအစိုးရဖော်ဆောင်

၁၁ ယခုစာတမ်းကို ရေးသားပြုစုနေချိန်တွင် သုတေသနပြုခဲ့သည့် ကျေးရွာအုပ်စုများစွာသည် ထွေအုပ်ရုံးနှင့် ULA နှစ်ဖွဲ့လုံးကိုယ်စား စီမံအုပ်ချုပ်နေပြီဖြစ်သည်။ သို့သော် ဖော်ပြပါအခြေအနေနှင့်မတူသည့် ကိစ္စရပ်တစ်ခုအနေဖြင့် လေ့လာခဲ့ရသည်မှာ ကျေးရွာအုပ်စု အဆင့်တွင် အုပ်ချုပ်ရေးမှူးတစ်ဦးသည် ULA ကို အစီရင်ခံ၍ နောက်ကျေးရွာအုပ်ချုပ်ရေးမှူးကို ထွေအုပ်ရုံးက ခန့်အပ်ထားသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်သည်။ ထိုဖြစ်ရပ်သည် ရှားပါးဖြစ်စဉ် ဖြစ်သောကြောင့် ရုပ်ပုံ ၃ တွင် စင်ပြိုင် အုပ်ချုပ်ရေးမှူးများကို ဖော်ပြခြင်းမပြုဘဲ အတွေ့ရအများဆုံးဖြစ်သည့် ဖြစ်ရပ်များကိုသာ ကိုယ်စားပြု ဖော်ပြထားခြင်းဖြစ်သည်။

သော လူမှုရေးဖွံ့ဖြိုးရေးဆိုင်ရာ စီမံချက်များ၏ အရင်းအမြစ်များကို အသုံးပြုလျက် ULA/AA တို့၏ ရခိုင်လူမှု အသိုင်းအဝိုင်းကို ဆက်လက်စည်းရုံးရာတွင်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းကာလ AA/ULA နှင့် စစ်ကောင်စီတို့ကြား တင်းမာမှုများ မြင့်တက်လာသည့် အခြေအနေ တွင် ဖော်ပြပါ ပူးတွဲအုပ်ချုပ်သည့်စနစ်ကို ပဋိပက္ခဖြစ်နေကြသည့် အာဏာပိုင်နှစ်ခုကြား ယာယီ ကျေအေးမှု တစ်ခုဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်သဘောတူထားသည့် အခြေအနေတစ်ရပ်အဖြစ် ရခိုင်ပြည်နယ်မှ ဖြေ ဆိုသူများက ရှုမြင်ကြသည်။ နယ်မြေခံ ပရဟိတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက အဆိုပါ ပူးပေါင်းအုပ်ချုပ်သည့် အခြေအနေကို အောက်ပါအတိုင်း အနှစ်ချုပ် ပြောပြခဲ့သည်။ -

> "ULA ဟာ လက်ရှိအခြေအနေမှာ ပြည့်သူ့ဝန်ဆောင်မှုတွေ ပေးဖို့ မဖြစ်နိုင်သေးဘူး။ ဒါ ကြောင့်ပဲ ULA က သူတို့နဲ့ ပူးပေါင်းဖို့ကို စစ်ကောင်စီခန့်အပ်ထားတဲ့ ဝန်ထမ်းတွေကို တိုက်တွန်းနေတာဖြစ်တယ်။ ULA အနေနဲ့က အဆိုပါဝန်ထမ်းများကို စစ်ကောင်စီကို အစီရင်ခံဖို့ကိုလည်း ခွင့်ပြုထားသလို၊ သူတို့ကိုလည်း အစီရင်ခံပေးဖို့ ပြောထားတယ်။"

ရှေ့ဆက်ဖော်ပြမည့် အပိုင်းများတွင် ကျွန်ုပ်တို့အနေဖြင့် စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် (၃) ခု တို့ကြား တရားစီရင်ရေးနှင့် အငြင်းပွားမှု ဖြေရှင်းရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု စသည့် လူမှု ဝန်ဆောင်မှုများဆိုင်ရာ ကွဲပြားခြားနားချက်များကို လေ့လာဆန်းစစ်သွားမည်ဖြစ်သည်။

# အပိုင်း (၂)

## ဗန္ဓာတ်(ထွေးရောယှက်တင်)အုပ်ချုပ်မှုအောက် ပြည်သူလူထု၏ အတွေ့အကြုံများ

လေ့လာခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ် သုံးခုအနှံ့တွင် လက်နက်ကိုင်အဖွဲ့များ၏ တော်လှန်ရေး တာဝန်များ နှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်များကြား ချိတ်ဆက်ပေးသည့် **ဗန္ဓာတ် (ထွေးရောယှက်တင်)** အုပ်ချုပ်မှု သဘောတရား ဆိုင်ရာ အပြောင်းအလဲများသည် တရားစီရင်ရေးဆိုင်ရာ အတွေ့အကြုံများ၊ ပညာရေးနှင့် အာဏာသိမ်းအပြီး မရှိမဖြစ်လိုအပ်သော လူမှုဝန်ဆောင်မှုအမျိုးမျိုးကို လက်လှမ်းမီ အသုံးပြုခွင့် ရရှိရေးစသည်တို့ကို ပုံဖော်နေသည်။ အဆိုပါ ပြောင်းလဲနေသောအချက်များတွင် အဓိကသတိပြုရမည်မှာ စစ်ကောင်စီတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများ အရှိန်မြင့်လာနေသော အခြေအနေတွင် အရပ်သားစီမံအုပ်ချုပ်မှု အတိုင်းအတာ နှင့် ပိုမိုပြင်းထန်သည့် အကြမ်းဖက်မှု နည်းလမ်းများကို ထိန်းညှိရန် လိုအပ်နေခြင်းအပြင် လက်နက်ကိုင် တော်လှန်နေသူတို့၏ စစ်ဖြစ်ချိန်တွင်း အုပ်ချုပ်မှုရေးရာတွင် သင့်လျော်ရာပါဝင်သည့်အခန်းကဏ္ဍတို့နှင့်စပ်လျဉ်း၍ တင်းမာမှု ပေါ်ပေါက်နိုင်သည့် အခြေအနေများပင်ဖြစ်သည်။ အဆိုပါ ပြောင်းလဲနေသည့် အခြေအနေများနှင့် ငြင်းခုံမှုများသည် ပြည်တွင်းတော်လှန်ရေးမိတ်ဖက်များ နှင့် နိုင်ငံတကာ မိတ်ဖက်များ အတွက်လည်း အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအခြေအနေမှာ တော်လှန်ရေးအင်အားစုများ၏ လူမှုရေးရာအုပ်ချုပ်မှုအခြေတည်စနစ်များကို ပံ့ပိုးကူညီရန် အရေးတကြီးလိုအပ်နေကြောင်း ထင်ဟပ်နေခြင်းကြောင့်ပင်ဖြစ်သည်။ ထို့အပြင် ယင်းအခြေအနေများသည် အားလုံးအကျုံးဝင်၍ တာဝန်ယူမှုရှိသောစနစ်မျိုးဖြင့် ကာလလတ်/ကြားကာလ လူသားချင်းစာနာပံ့ပိုးရေး လုပ်ငန်းဖွဲ့စည်းများကို ဖော်ဆောင်နိုင်ရန်အတွက်လည်း သက်ရောက်မှုများ ရှိနေခြင်းကြောင့်ဖြစ်သည်။

## တရားစီရင်ရေးနှင့် ဥပဒေအရ အငြင်းပွားမှု ဖြေရှင်းခြင်း

တော်လှန်ရေးအင်အားစုများ၏ တရားစီရင်ရေးစနစ်များ လည်ပတ်မှုပုံစံသည် လေ့လာခဲ့သည့် တိုင်းနှင့်ပြည်နယ် သုံးခုတွင် အာဏာသိမ်းပြီးကတည်းက သိသိသာသာ ကွဲပြားခြားနားကြပြီး၊ ယင်းအခြေအနေမှာ ၎င်းတို့၏ ထူးခြားသော ပဋိပက္ခနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ သမိုင်းကြောင်းနောက်ခံများနှင့် လားရာလမ်းကြောင်းများကို ထင်ဟပ်လျက်ရှိသည်။ ချင်းပြည်နယ်တွင် အငြင်းပွားမှု ဖြေရှင်းချက်များကို ဥပဒေရေးရာ လုပ်ထုံးလုပ်နည်းနှင့် ရိုးရာဓလေ့စီရင်ထုံး နှစ်မျိုးလုံးကို ကိုးကား၍ ဖြေရှင်းကြသည်။ (ဒေသတွင်း အငြင်းပွားမှု ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ ဖြစ်စဉ် (၁) ကို လေ့လာပါ။) ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့နယ်များတွင် ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သော မျိုးနွယ်စု ခေါင်းဆောင်များ၏ တာဝန်များနှင့် ၂၀၂၁ ခုနှစ်တည်းက ကျေးရွာအုပ်ချုပ်ရေးတွင် ပါဝင်လာသော ပညာတတ်လူငယ်များ၏ အခန်းကဏ္ဍနှင့် CDF မဟုတ်သော ဦးဆောင်ပါဝင်သူတို့၏ အခန်းကဏ္ဍ စသည်တို့သည် အငြင်းပွားမှု ဖြေရှင်းရေးကိစ္စများတွင် အရေးပါကြောင်း သိရသည်။

### ဖြစ်စဉ် ၁ - ချင်းပြည်နယ်ရှိ ဒေသအဆင့် အငြင်းပွားမှု ဖြေရှင်းခြင်း

ချင်းပြည်နယ်ရှိ အငြင်းပွားမှုဖြေရှင်းရေးတွင် CDF၊ ပအဖ နှင့် ကျေးရွာခေါင်းဆောင်များသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ရှိကြသည်။ အဖြစ်များသော အငြင်းပွားမှု ပြဿနာများမှာ ရွှေ့ပြောင်းတောင်ယာနှင့် စိုက်ပျိုးရေးဓလေ့ကြောင့် လူပုဂ္ဂိုလ်နှစ်ဦးဖြစ်စေ၊ ကျေးရွာတစ်ရွာနှင့် တစ်ရွာကြားဖြစ်စေ ဖြစ်ပွားသော မြေယာအငြင်းပွားမှုများ၊ သို့မဟုတ် ခိုးမှု အစရှိသည့် အသေးစားအမှုများ ဖြစ်ကြသည်။ အဆိုပါ အမှုများတွင် ကျေးရွာခေါင်းဆောင်နှင့် ကျေးရွာကော်မတီများသည် ဖြစ်ပွားရာ မြေအသုံးပြုမှု သို့မဟုတ် ဖြစ်ပွားရာ အမှုသမိုင်းကြောင်းကို နှစ်ဦးနှစ်ဖက်က အစီရင်ခံပြီးနောက် အမှုကိုပြေလည်စေမည့် နည်းလမ်းများကို ရှာဖွေကြသည်။ လေ့လာခဲ့သည့် ကျေးရွာများတွင် အမှုအများစုကိုဖြေရှင်းပုံမှာ အမှုတွင်ပါဝင်သူအားလုံးက ချင်းဓလေ့ထုံးတမ်းအရ ကျမ်းကျိန်ဆိုပြီး ဒေသအလိုက် ဖြန်ဖြေညှိနှိုင်းခြင်း လုပ်ငန်းစဉ်ဖြင့် ဖြေရှင်းခြင်း ဖြစ်သည်။ သို့ရာတွင် အချို့သော မြေယာအငြင်းပွားမှုများအတွက်မူ မြေယာပိုင်ဆိုင်မှု၊ ကျေးရွာသမိုင်းကြောင်းတို့နှင့် စပ်လျဉ်း၍ ချင်းရိုးရာလူကြီးများကို တိုင်ပင်ဆွေးနွေးကြသည်။

ကျေးရွာအဆင့်၌ အမှုများကို ဖြေရှင်းမရနိုင်ပါက မြို့နယ်အဆင့် ပအဖက ခန့်အပ်ထားသော အမိန့်ရ တရားသူကြီးတစ်ဦးပါဝင်သည့် မြို့နယ်အဖွဲ့များထံ အမှုကို ညွှန်းပို့လွှဲအပ်ကြပြီး၊ အမှုပါ နှစ်ဦးနှစ်ဖက်က ကျမ်းသစ္စာကျိန်ဆိုကာ သက်သေအထောက်အထားများပေး၍ ထိုအဖွဲ့က ကြားနာစစ်ဆေးသည်။ အမှုဖြစ်ပွားသည့် နှစ်ဦးနှစ်ဖက်သည် မြို့နယ်မတူသောကြောင့်ဖြစ်စေ၊ ချင်းမျိုးနွယ်စု မတူသောကြောင့်ဖြစ်စေ အငြင်းပွားမှုကို ကျေးရွာခေါင်းဆောင်များနှင့် မြို့နယ် ပအဖ အရာရှိများက မဖြေရှင်းနိုင်သည့် အမှုများတွင်မူ အငြင်းပွားမှုကို အကောင်းဆုံးဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍ CDF နှင့် CNA ကိုယ်စားလှယ်များကို တိုင်ပင်ကာ အကြံဉာဏ်တောင်းခံကြရသည်။

ချင်းပြည်နယ်ရှိမြို့နယ်များတွင်လည်း ယင်းပုံစံမှာ ကွဲလွဲမှု အချို့ရှိသည်။ ချင်းပြည်နယ်တောင်ပိုင်းရှိ ကျေးရွာအဆင့် အငြင်းပွားမှု ဖြေရှင်းရေး အများစုကို “အောင်တမန်” ခေါ် ကိုယ်စားလှယ် သို့မဟုတ် စေ့စပ်ညှိနှိုင်းပေးသူများက ကြားဝင်၍ ဖျန်ဖြေပေးကြသည်။ ပအဖ နှင့် မျိုးနွယ်စုခေါင်းဆောင်များသည် အငြင်းပွားမှုအတွက် အောင်တမန်တစ်ဦးအဖြစ် ဆောင်ရွက်ကာ ဒေသတွင်း စံနှုန်းများပေါ် အခြေခံ၍ အမှုသည်နှစ်ဦးနှစ်ဘက်ကို စေ့စပ်ညှိနှိုင်းကာ မျှတသည့်ရလဒ်တစ်ခုရအောင် ကြိုးစားဆောင်ရွက်ပေးမည့် ရပ်ရွာအတွင်းမှ လေးစားခံ လူပုဂ္ဂိုလ် သို့မဟုတ် ရပ်မိရပ်ဖတစ်ဦးကို ရွေးချယ်တာဝန်ပေးသည်။ ရိုးရာခေါင်းဆောင်များနှင့် အခြား ပအဖ အဖွဲ့ဝင်များအနေဖြင့် စေ့စပ်ညှိနှိုင်းရေးမှူးဆိုင်ရာ တာဝန်ကို အလွတ်သဘောမျိုး တာဝန်ယူလျက် ကြားနာမှု သို့မဟုတ် အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ကြပြီး အမှုအများစုကို ကျေးရွာအဆင့်တွင် ဖြေရှင်းကြသည်။ ချင်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်အချို့တွင်မူ နယ်မြေခံ CDF အဖွဲ့ဝင်များသည် စေ့စပ်ညှိနှိုင်းရေးမှူးတစ်ဦးနှင့်အတူ ဒေသတွင်း အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ပါဝင်ကြသည်။ သို့သော် ကျေးရွာအဆင့်ကိုလွန်၍ ကြားဝင်ဖျန်ဖြေပေးရန်လိုအပ်သည့် အမှုမျိုးတွင်မူ မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့များနှင့် CDF ကိုယ်စားလှယ်များသည် အမှုကိုကြားနာစစ်ဆေးရန် တရားသူကြီးတစ်ဦး ခန့်ထားရေးတွင် ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။ သို့သော် ဖြစ်စဉ် (၂) တွင် ဆွေးနွေးထားသကဲ့သို့ပင် တရားစီရင်ရေးစနစ်တွင် CDF အဖွဲ့ဝင်များ မည်သည့်အတိုင်းအတာအထိ ပါဝင်သင့်ကြောင်းနှင့်စပ်လျဉ်း၍- အထူးသဖြင့် စီရင်ချက်ချမှတ်ခြင်း နှင့် (ဒလန်) ခေါ် စစ်ကောင်စီသတင်းပေးများကို အပြစ်ပေးဒဏ်ခတ်မှုတွင်ဖြစ်ပြီး စစ်ဖြစ်ချိန်အတောအတွင်း ဒေသန္တရအုပ်ချုပ်ရေးတွင် လက်နက်ကိုင်အဖွဲ့များ၏ အခန်းကဏ္ဍနှင့် လက်နက်ကိုင်အဖွဲ့များအပေါ် အရပ်သားကြီးကြပ်မှု အခန်းကဏ္ဍနှင့် ပတ်သက်၍လည်း ကျယ်ပြန့်သောမေးခွန်းများ ပေါ်ထွက်လာစေခဲ့သည်။

## ဖြစ်စဉ် ၂ - ချင်းပြည်နယ်အတွင်း ဒလန်ပြဿနာကို ကိုင်တွယ်စီမံခြင်း

မြန်မာနိုင်ငံအနှံ့အပြားရှိ ဒေသများနည်းတူ ချင်းပြည်နယ်တွင် အာဏာသိမ်းကတည်းက ရှိနေသော အရေးကြီးမေးခွန်းမှာ တော်လှန်ရေးလှုပ်ရှားမှုများနှင့် အစီအစဉ်များအကြောင်းကို စစ်ကောင်စီ အရာရှိများနှင့် လုံခြုံရေးတပ်သားများထံ သတင်းပေးပို့သူများအား မည်သို့စီရင်၍ အပြစ်ပေးမည်နည်း ဟူ၍ပင် ဖြစ်သည်။ ရန်ကုန်မြို့ရှိ ကျောင်းဆရာမတစ်ဦး အပါအဝင် အရပ်သားသတင်းပေး (ဒလန်) များကို သတ်ဖြတ်သည့် ဖြစ်ရပ်များကြောင့် NUG အနေဖြင့် ဒလန်များအား အပြစ်ပေးခြင်းအပေါ် အားပေးခြင်း ပြု၊ မပြု နှင့် စစ်ကောင်စီကို ခုခံတော်လှန်နေသည့် နယ်မြေများရှိ PDF များ၊ နယ်မြေခံ ရဲ/လုံခြုံရေးဆောင်ရွက်သော ပြည်သူ့စစ်များ၏ လုပ်ဆောင်ချက်များအပေါ် မည်သည့်အတိုင်းအတာအထိ ကွပ်ကဲမှု ရှိကြောင်း စသည်တို့အပေါ် နိုင်ငံနှင့်အဝှမ်း မေးခွန်းများ ပြင်းထန်လာခဲ့သည်။ ချင်းပြည်နယ်တွင် အဆိုပါ ပြဿနာရပ်သည် ချင်းပြည်နယ်ကာကွယ်ရေး တပ်ဖွဲ့ဝင်များပါဝင်သော အုပ်ချုပ်ရေးအဖွဲ့များအတွင်း ငြင်းခုံရသည့် ပင်မ ပြဿနာတစ်ရပ် ဖြစ်လာကာ စတင်ခုခံတော်လှန်သော နယ်မြေအမျိုးမျိုးကြား ကွဲပြားမှုများရှိနေကြောင်း ပြတ်ပြတ်ထင်ထင် သိလာစေခဲ့သည်။

ချင်းပြည်နယ်ရှိ မျိုးနွယ်စုအမျိုးမျိုးတွင် ရိုးရာမှတ်သားဖွယ် ဗဟုသုတများနှင့်အညီ ဆယ်စုနှစ်ပေါင်း များစွာကြာအောင် အသုံးပြုခဲ့သော ၎င်းတို့ကိုယ်ပိုင် ဓလေ့ထုံးတမ်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ရှိသည်။ ချင်းပြည်နယ်တွင် လူသတ်မှုများ ဖြစ်ပွားလေ့မရှိသော်လည်း အာဏာသိမ်းပြီးစကတည်းက ဒလန် (သတင်းပေး) ဟု စွပ်စွဲခံရသူများကို ကြမ်းတမ်းစွာ အပြစ်ပေးသော အမှုများဖြစ်ပေါ်ခဲ့ပြီး၊ အချို့သော အမှုများတွင် ကွပ်မျက်ခံရသည့်အဖြစ်များလည်း ရှိသည်။ နယ်မြေတွင် အလွန်ထင်ရှားသော အမှုများထဲမှ တစ်ခုမှာ ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းတွင် ဖြစ်ပွားခဲ့သောအမှုဖြစ်သည်။ ထိုအမှုတွင် ချင်းကုန်သည်တစ်ဦးသည် တော်လှန်ရေးအဖွဲ့များ၏ ဖမ်းဆီးမှုကို ခံခဲ့ရပြီး နောက်ပိုင်းတွင် အသတ်ခံခဲ့ရသည်။ နောက်ပိုင်းမှ သိရသည်မှာ ထိုသူသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ပုဂံမြို့ရှိ စစ်တပ်ကျင်းပသောပွဲတွင် တက်ရောက်ခဲ့သော ဓါတ်ပုံများကို အခြားသူများကတွေ့ရှိသောကြောင့် သတင်းပေး (ဒလန်) အဖြစ် စွပ်စွဲခံရခြင်း ဖြစ်သည်။ ထိုအမှုအကြောင်း လူမှုစာမျက်နှာပေါ်တွင် လူသိများ၍ ချင်းပြည်သူ လူထုများအကြားရေပန်းစားပြီး ရက်သတ္တပါတ် အနည်းငယ်အကြာတွင် သတင်းပေး (ဒလန်) များကို မည်သို့စွဲချက်တင်အပြစ်ပေးသင့်ကြောင်းနှင့်စပ်လျဉ်း၍ အဓိကငြင်းခုန်ဖွယ် ကိစ္စဖြစ်လာခဲ့သည်။ လူမှုစာမျက်နှာတွင် ပျံ့နှံ့နေသော ပို့စ်အမျိုးမျိုးအပြင် ချင်းရပ်ရွာခေါင်းဆောင်များအကြား တွေ့ဆုံ ဆွေးနွေးမှုများအရ မည်သည့်ပြစ်မှုကျူးလွန်သည်ဖြစ်စေ နယ်မြေခံ တော်လှန်ရေးအဖွဲ့များအနေဖြင့် ချင်းလူမျိုးများကို သေဒဏ်ဖြင့်အပြစ်ပေးရန် မတရားကြောင်း သဘောတူညီချက်သစ်တစ်ခု ပေါ်ပေါက်လာခဲ့သည်။ အထူးသဖြင့် စွပ်စွဲအပြစ်ပေးခံခဲ့ရသော သတင်းပေးနှင့် လက်နက်ကိုင်တပ်ဖွဲ့သည် မျိုးနွယ်ချင်းမတူသည့်အတွက် သတင်းပေးကို ကွပ်မျက်ခံရမှုအပေါ် လက်မခံနိုင်သည့် ချင်းရပ်ရွာ ခေါင်းဆောင်များက ကွပ်မျက်ရာတွင် တာဝန်ရှိသည့် လက်နက်ကိုင်အဖွဲ့ကို ဆက်လက် မေးခွန်းထုတ်ခဲ့သည်။ ရပ်ရွာခေါင်းဆောင်များကလည်း အနာဂါတ်တွင် ကွပ်မျက်ခြင်းမဟုတ်သည့် အခြားဖြေရှင်းနည်းများကို ရှာဖွေရန် တော်လှန်ရေးအဖွဲ့များကို တိုက်တွန်းခဲ့ပြီး တော်လှန်ရေးအဖွဲ့များကလည်း မတူကွဲပြားသော ချင်းမျိုးနွယ်စုများကြား ဆက်ဆံရေး ကောင်းမွန်စိမ့်သောငှာ တစ်ဖက်သတ်ကွပ်မျက်ခြင်း မပြုလုပ်ရန် ကတိပေးခဲ့သည်။ ထိုအမှုပြီးဆုံးသည်မှစ၍ နယ်မြေခံတော်လှန်ရေးအဖွဲ့များက ဒလန်အဖြစ် သံသယဖြစ်ပြီး သို့မဟုတ် စွပ်စွဲခံရပြီး ကျေးရွာ သို့မဟုတ် မြို့နယ်အဆင့် လုပ်ငန်းစဉ်များအရ အပြစ်ရှိကြောင်းသိရသည့် လူများကို ကွပ်မျက်မည့်အစား ချင်းပြည်နယ်မှ နယ်နှင်ဒဏ်ပေးသည့် အပြစ်ဒဏ်စနစ်ကို သတ်မှတ်လုပ်ကိုင်စေခဲ့သည်။ တစ်ချိန်တည်းမှာပင် ချင်းလူငယ်များ အဓိကဦးဆောင်သော စစ်ရေးအရ ခုခံတော်လှန်ရေး ကြိုးစားအားထုတ်မှုများတွင် မျိုးနွယ်စုအခြေပြုအထက်အောက်ဖွဲ့စည်းမှု ပုံစံမျိုးကို သတ်မှတ်လုပ်ကိုင်စေခဲ့ခြင်းအားဖြင့် ချင်းလူမှုအသိုင်းအဝိုင်း၏ မျိုးနွယ်ဖွဲ့စည်းပုံကို ပိုမိုအားကောင်းအောင် ပြုလုပ်ခဲ့သည်။

ချင်းပြည်နယ်ရှိ ရိုးရာဓလေ့အခြေပြု ဓေ့စပ်ဖြန်ဖြေသော တရားစီရင်ရေးစနစ်နှင့် မတူဘဲ ULA သည် အာဏာသိမ်းပြီးချိန်မှစတင်၍ စစ်ကောင်စီ တရားရုံးများ၊ တရားစီရင်ရေးလုပ်ထုံးလုပ်နည်းများနှင့် အပြိုင်ဖြစ်သော ၎င်းကိုယ်ပိုင် တရားရုံးစနစ်ကို ရခိုင်ပြည်နယ်အနှံ့အပြားတွင် တည်ထောင်ခဲ့သည်။[၁၂] အဆိုပါ တရားစီရင်ရေး စနစ်များသည် ကျေးရွာ၊ တိုက်နယ်နှင့် ပြည်နယ်အဆင့် ဖွဲ့စည်းထားသော ယန္တရားများမှတဆင့် အသေးစား အငြင်းပွားမှုများမှစ၍ ရာဇဝတ်မှုနှင့် တရားမမှုများအထိ အမှုများကို ဖြေရှင်းကြသည်။ ULA တရားရုံးများနှင့် အုပ်ချုပ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံ တည်ဆဲဥပဒေများ နှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ အလေ့အကျင့် နှစ်မျိုးလုံးနှင့်အညီ စီမံဆောင်ရွက်ကြကြောင်း ဖြေဆိုသူများက ပြောကြားခဲ့သည်။

ULA သည် ULA အဖွဲ့အစည်းကို သစ္စာခံ၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ရခိုင်ပြည်ထောင်တစ်ခု ပေါ်ပေါက်ရေး နိုင်ငံရေး သဘောထားများရှိသည့် တရားသူကြီးများဖြင့် တရားစီရင်သည်။ စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်မှာ တရားရုံးလုပ်ထုံးလုပ်နည်းများဆိုင်ရာ အခြေခံအုတ်မြစ်မှာ ရှိရင်းစွဲ မြန်မာနိုင်ငံတော်အစိုးရ၏

၁၂ ULA စီစဉ်သည့် စင်ပြိုင်ဥပဒေလုပ်ငန်းစဉ်များ ကနဦးဆန်းစစ်ချက်ကို သိလိုပါက ကျော်လင်း ၂၀၂၂ ခုနှစ်တွင် ရေးသားပြုစုခဲ့သော "စင်ပြိုင်အုပ်ချုပ်မှု သဘောသဘာဝ နှင့် အာရကန်နိုင်ငံရေးအပေါ် သက်ရောက်မှု" ကို လေ့လာနိုင်သည်။

ရာဇဝတ်မှုနှင့် တရားမမှုဆိုင်ရာဥပဒေများ ဖြစ်နေခြင်းပင်ဖြစ်သည်။ တရားရုံး၏ တရားစွဲဆိုမှုဆိုင်ရာ ဥပဒေရေးရာတို့သည် အခြေခံအားဖြင့် စစ်ကောင်စီတရားရုံးများနှင့် တူညီနေသော်လည်း အမှုဖြေရှင်းမှု ပိုမိုမြန်ဆန်စေရန်အတွက် မြန်မာတရားရုံးလုပ်ရိုးလုပ်စဉ်များကို အသုံးမပြုဘဲ ဒေသတွင်းဓလေ့စံနှုန်းများကို အသုံးပြုသည့် ရွေ့လျားတရားရုံးစနစ်တစ်ခုကို စီစဉ်ဆောင်ရွက်ပြီးဖြစ်သည်။ အငြင်းပွားမှုများ၊ ရာဇဝတ်မှုနှင့် တရားမမှုများကို ဒေသတွင်း ထုံးတမ်းဓလေ့များနှင့်အညီ အမှုဖြေရှင်းဆောင်ရွက်ပေးမည့် ကျေးရွာအုပ်ချုပ်ရေးကော်မတီများက ဦးစွာကြားနာသည်။ ကျေးရွာကော်မတီ၏ဆုံးဖြတ်ချက်ကို မကျေနပ်ပါက တရားလိုနှင့် တရားခံတို့သည် အထက်ပိုင်း အုပ်ချုပ်ရေးအဖွဲ့များဖြစ်စေ၊ တရားရုံးများထံသို့ဖြစ်စေ အယူခံဝင်ရောက်ကြသည်။

ယခုကဲ့သို့ အလွယ်တကူလက်လှမ်းမီ၍ တုံ့ပြန်မှုမြန်ဆန်သော နည်းလမ်းမျိုးဖြင့် အငြင်းပွားမှုဖြေရှင်းခြင်းကို သုံးသပ်ရသော် ခုံသမာဓိလုပ်ထုံးလုပ်နည်းများတွင် တရားသူကြီးများသည် ရခိုင်ယဉ်ကျေးမှု ထူးခြားချက်များကိုပို၍ နားလည်ကာ အမှုတွင် ပါဝင်သက်ဆိုင်သူတိုင်းကို လေးစားစွာ ဆက်ဆံမှုရှိကြသောကြောင့် ပုံမှန်မြန်မာတရားရုံး လုပ်ထုံးလုပ်နည်းများထက် ပို၍မြန်ဆန်ကာ မျှတမှုရှိကြောင်း ဖြေဆိုသူအချို့က ထင်မြင်ယူဆကြသည်။ ULA တရားစီရင်ရေးစနစ် အသက်ဝင်လာမှုကြောင့် AA ၏ တပ်မတော်နှင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ အပစ်အခတ်ရပ်စဲမှု သဘောတူညီချက်ပြီးကတည်းက ရခိုင်ပြည်နယ်အနှံ့အပြားတွင် ULA ၏ အုပ်ချုပ်ရေးစနစ်များ ကျယ်ကျယ်ပြန့်ပြန့် တွင်ကျယ်လာပြီး ၎င်း၏ နိုင်ငံရေးသြဇာအာဏာလည်း ပို၍အားကောင်းလာစေခဲ့သည်။

ဆန့်ကျင်ဘက်အနေဖြင့် စစ်ကိုင်းတိုင်းတွင်မူ တော်လှန်ရေးအင်အားစုများဦးဆောင်သော တရားစီရင်ရေးစနစ်သည် များစွာတိုးတက်မှုရှိပုံ မပေါ်ပေ။ အလားအလာရှိသည့် အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများသည် ကျေးရွာအဆင့်၌သာ ရှိနေပြီး နယ်မြေခံ တော်လှန်ရေးခေါင်းဆောင်များ သို့မဟုတ် လုံခြုံရေးတာဝန်ယူသူများက လွှမ်းမိုးနေပုံပေါ်သည်။ NUG အနေဖြင့် စစ်ကိုင်းတိုင်းအတွင်း မြို့နယ်အဆင့် တရားစီရင်ရေးယန္တရားများ တည်ထောင်ရန် ကြိုးစားအားထုတ်နေကြောင်း ဖြေဆိုသူအချို့က သတိပြုမိသည်။ သို့ရာတွင် NUG ၏ တရားရုံးစနစ် လက်တွေ့လည်ပတ်နိုင်စေရန်မှာ ဖြစ်ပွားဆဲ ပဋိပက္ခနှင့် စစ်ဘေးရှောင်ရခြင်းကြောင့် မတည်ငြိမ်သည့်အခြေအနေနှင့် တဆက်တည်း ကျေးရွာနှင့် မြို့နယ်များအနှံ့ နယ်မြေခံ PDF တို့ကြား အုပ်ချုပ်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ အားနည်းနေခြင်း အကြောင်းများကြောင့် ခက်ခဲလျက်ရှိသည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်များနှင့် မတူသည့်အချက်မှာ အုပ်ချုပ်ရေးပိုင်းတွင် ကျေးရွာရပ်မိရပ်ဖများ အနည်းငယ်သာ ပါဝင်ခြင်းနှင့် ပို၍ငယ်ရွယ်သော မျိုးဆက်တို့က တော်လှန်ရေးတပ်ဖွဲ့များရှိ အရေးပါသည့် အခန်းကဏ္ဍများတွင် ပါဝင်ခြင်းကြောင့် ဒေသတွင်း အငြင်းပွားမှုဖြေရှင်းရေးနှင့် အုပ်ချုပ်ရေးတွင် အရပ်သားများ၏ အခန်းကဏ္ဍ လျော့နည်းလာခြင်း ဖြစ်ပုံပေါ်သည်။ ဖြစ်စဉ် (၃) တွင် ဖော်ပြထားသကဲ့သို့ပင် အထက်ပါအခြင်းအရာကြောင့် နယ်မြေခံ ပအဖများ/PDFတပ်ဖွဲ့များ၏ အခန်းကဏ္ဍသည် အငြင်းပွားမှု ဖြေရှင်းခြင်းကိစ္စများတွင် လွှမ်းမိုးပါဝင်လျက်ရှိပြီး၊ ယင်းအခြေအနေသည် အရပ်သား အုပ်ချုပ်ရေး နှင့် ကာကွယ်ရေးဆိုင်ရာ တာဝန်များကြား ဝေဝါးသော အခန်းကဏ္ဍ/အခြေအနေများကို ဖြစ်ပေါ်စေလျက်ရှိသည်။

## ဖြစ်စဉ် ၃ - စစ်ကိုင်းတိုင်းဒေသကြီးရှိ ဒေသတွင်းအငြင်းပွားမှု ဖြေရှင်းခြင်း

စစ်ကိုင်းတိုင်းတွင် နယ်မြေခံ ပအဖများနှင့် ပကဖ အဖွဲ့ဝင်တို့သည် ပဋိပက္ခ ဖြေရှင်းရေးတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး ဥပဒေပညာရှင်များထံမှ အကြံဉာဏ် တောင်းခံခြင်းများကိုလည်း လိုအပ်သလို ပြုလုပ်လျက်ရှိသည်။ ပုံမှန်အားဖြင့် ဖြစ်ပွားသည့် အမှုများတွင် အသေးစား အငြင်းပွားမှုများ၊ ရန်ပွဲများပါဝင်လေ့ရှိပြီး၊ ကျေးရွာအတွင်း၌ပင် ဖြေရှင်းနိုင်ကြသည်။ ထိုသို့သောအမှုများတွင် ကျေးရွာ ပအဖများက အမှုဖြစ်သည့် နှစ်ဦးနှစ်ဖက်ကြား စေ့စပ်ညှိနှိုင်းခြင်းအားဖြင့် အငြင်းပွားမှုကို ဖြေရှင်းလေ့ရှိကြပြီး အချို့သော အမှုများကိုမူ ဒဏ်ငွေပေးဆောင်စေခြင်း၊ ကျေးရွာသန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများ ပြုပြင်ခြင်း စသည့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လုပ်ဆောင်စေခြင်း စသည့် ပြစ်ဒဏ်အသေးစားပေးခြင်း သို့မဟုတ် အချို့သောအမှုများတွင် တစ်ညတာ အကျဉ်းချခြင်းစသည်ဖြင့် အငြင်းပွားမှုကို ဖြေရှင်းကြသည်။ အချို့သော အမှုများတွင် ကျေးရွာနှင့် မြို့နယ် ပအဖ တာဝန်ခံများအနေဖြင့် နယ်မြေခံ ရှေ့နေများကို တိုင်ပင်ဆွေးနွေးမှုလည်း ပြုလုပ်ကြသည်၊ များသောအားဖြင့် ကွာရှင်းပြတ်စဲပြီး ကလေးအုပ်ထိန်းခွင့်နှင့် စပ်လျဉ်းသည့် အမှုမျိုးဖြစ်သည်။

ယခု စာတမ်းအတွက် လေ့လာခဲ့သော ကျေးရွာအများစုတွင် နယ်မြေခံ PDF များသည် ရပ်ရွာတစ်ခုနှင့် တစ်ခုကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို အဖြေရှာရေး စေ့စပ်ညှိနှိုင်းရာတွင် အဓိကအကျဆုံး အခန်းကဏ္ဍတွင် ရှိကြသည်။ ကျေးရွာနှစ်ရွာမှ ရွာသားများကြားဖြစ်သည့် အမှုများတွင် တိုက်နယ်အဆင့် ပအဖ ဖြစ်စေ၊ မြို့နယ်အဆင့် ပအဖ ဖြစ်စေသည် အမှုကို ဖြေရှင်းရန် နယ်မြေခံ PDF တို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြသည်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းတောင်ပိုင်းရှိ ကနီမြို့နယ်တွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ထိပါးမှုခံရသော အမျိုးသမီးတစ်ဦးက သူမ၏ ရွာရှိ ပအဖ တာဝန်ခံတစ်ဦးထံ အမှုကိုတိုင်ကြားသည့်အခါ နယ်မြေခံ PDF အဖွဲ့ နှစ်ဖွဲ့က အမှုကို ကြားဝင်ဖျန်ဖြေပေးခဲ့သည်။ ဆက်လက်၍ ထိုကျေးရွာမှ ပအဖ နှင့် ပကဖ အဖွဲ့ဝင်များသည် စွပ်စွဲခံရသော ကျေးရွာမှ ပအဖ၊ ပကဖတို့နှင့် ဆက်သွယ်ခဲ့သည်။ ကြားဝင်ဖျန်ဖြေပြီးနောက် ကျူးလွန်သူမှ ကျူးလွန်ခံရသူထံ သိန်း ၄၀ လျော်ကြေးပေးအပ်ရန်ဟူ၍ အမှုကို စီရင်ဆုံးဖြတ် ခဲ့သည်။ စစ်ကိုင်းတိုင်းရှိ တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ရာဒေသများတွင် တရားစီရင်ရေးစနစ်သည် ကိစ္စရပ်အပေါ် မူတည်ဖြေရှင်းသည့်သဘောဆန်ပြီး အားကောင်းသောစနစ်တစ်ခု အဖြစ်သို့မရောက်ရှိသေးပေ။ သို့ရာတွင် တိုက်နယ်အဆင့်ရှိ တော်လှန်ရေးအဖွဲ့များနှင့် အုပ်ချုပ်ရေးအဖွဲ့တို့ကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကြောင့် စစ်ကိုင်းတိုင်းတွင် အငြင်းပွားမှုများကို ကြားဝင်ဖျန်ဖြေရေးနှင့် မျှတသည့်တရားစီရင်ရေးပုံစံတစ်မျိုးကို စစ်မက်ဖြစ်ပွားနေသည့် အခြေအနေများ အကြားမှာပင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အသေအချာတွေ့မြင်နိုင်ပေသည်။

## ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုများ

ဒေသများအနှံ့ ဖြစ်ပေါ်လျက်ရှိသော စစ်ကောင်စီနှင့် လက်နက်ကိုင်တိုက်ပွဲများ၊ မတူကွဲပြားသော တော်လှန်ရေးအင်အားစုများ၏ ဖွဲ့စည်းပုံများသည် အာဏာသိမ်းပြီးကာလ ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုများ လည်ပတ်မှုအခြေအနေတွင် ထင်ဟပ်လျက်ရှိသည်။ အထက်တွင် ဖော်ပြခဲ့သလိုပင် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ရှိ နယ်မြေအများစုတွင် စစ်ကောင်စီ၏ ဦးစီးဌာနများသည် မြို့နယ်များရှိ မြို့လယ်ခေါင်တို့မှ လွဲ၍ ဆက်လက်လည်ပတ်ခြင်း မရှိကြတော့ပေ။ ဤသည်က ပြည်သူလူထု အထူးသဖြင့် ကျေးလက်ဒေသရှိ ပြည်သူများအနေဖြင့် တိုက်နယ်အဆင့်တွင် ပညာရေးနှင့် ကျန်းမာရေး စနစ်များကို မည်သို့တွေ့ကြုံခံစားနေရကြောင်း ပိုင်းခြားဖော်ပြနေခြင်း ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် ရခိုင်ပြည်နယ် နေရာဒေသအများစုရှိ ပြည်သူ့ ဝန်ဆောင်မှုများသည် မူလအတိုင်း အနှောင့်အယှက်ကင်းကင်း ဆက်လက်လည်ပတ်နေသည်။

ထိုသို့ဖြစ်ရသည်မှာ လက်ရှိအခြေအနေတွင် ULA/AA ၏ နိုင်ငံရေးစီမံချက်တွင် စစ်ကောင်စီ အခြေခံဝန်ထမ်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သစ္စာစောင့်သိမှုကို ထိန်းသိမ်းထားခြင်းအားဖြင့် ရှိရင်းစွဲ စစ်ကောင်စီ ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် စီစဥ်ထားခြင်းကြောင့်ပင် ဖြစ်သည်။ အဆိုပါနယ်ပယ်များတွင် မြို့နယ်အဆင့်နှင့် အောက်ပိုင်းအဆင့်ရှိ စစ်ကောင်စီဝန်ထမ်းများသည် ၎င်းတို့၏ လုပ်ရှားဆောင်ရွက်မှုများကို ၎င်းတို့ သက်ဆိုင်ရာ စစ်ကောင်စီအထက်အရာရှိများကို တင်ပြသည့်နည်းတူ ULA ကို အသိပေး အကြောင်းကြားစေလျက် စစ်ကောင်စီက ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများပေးခြင်း နှင့် ၎င်းတို့ကို လက်လှမ်းမီ အသုံးပြုခြင်းဆိုင်ရာ အကြံဉာဏ်များကို ULA က ပံ့ပိုးပေးလျက်ရှိသည်။ (ဖြစ်စဥ် (၄) တွင် ဖတ်ရှုလေ့လာနိုင်သည်။) ထို့ကြောင့်ပင် ULA / စစ်ကောင်စီ ပူးတွဲ အုပ်ချုပ်သည့် နယ်မြေများရှိ ပြည်သူများသည် ချေးငွေဝန်ဆောင်မှုများ၊ မိခင်နှင့် သက်ကြီး ရွယ်အို ငွေကြေးထောက်ပံ့ရေး စီမံကိန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများ စသည့် ပြည်သူ့ဝန်ဆောင်မှုများကို ယခုတိုင် ရရှိနေခြင်း ဖြစ်သည်။

**ဖြစ်စဥ် ၄ - ULA နှင့် စစ်ကောင်စီ ပူးတွဲအုပ်ချုပ်မှုအောက်ရှိ ပြည်သူ့ ဝန်ဆောင်မှုများ**

ရခိုင်ပြည်နယ်တွင် ULA သည် ကျေးလက်ဒေသများ အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသ အများအပြားကို ထိန်းချုပ်သည်။ အဆိုပါနယ်မြေများတွင် ရှိရင်းစွဲ အုပ်ချုပ်ရေးစနစ်ကို အခြေခံကာ ဒေသအခြေအနေနှင့်လည်း ကိုက်ညီမှုရှိသော အုပ်ချုပ်ရေးယန္တရားကို တည်ထောင်ထားသည်။ လက်ရှိ အခြေအနေတွင်မူ ULA အုပ်ချုပ်ရေးအနေဖြင့် မိခင်နှင့် ကလေးသူငယ် စောင့်ရှောက်ရေး၊ ဝန်ထမ်းပင်စင်များ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ စသည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ပံ့ပိုးပေးနိုင်ခြင်း မရှိပေ။ ထို့ကြောင့်ပင် ULA အုပ်ချုပ်ရေးပိုင်းအနေဖြင့် ကျေးလက်ဒေသများတွင် စစ်ကောင်စီ၏ ဝန်ဆောင်မှုပေးရေး အစီအမံကို ခွင့်ပြုထားသော်လည်း ဦးစီးဌာနဝန်ထမ်းများနှင့် အုပ်ချုပ်ရေးမှူးများကမူ ကျေးရွာ၊ မြို့နယ်နှင့် အထက်ပိုင်းအဆင့် ULA နှင့် စစ်ကောင်စီနှစ်ဘက်လုံးထံသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။ ULA အုပ်ချုပ်ရေးသည် ဝန်ဆောင်မှုပေးရေး လုပ်ငန်းစဥ်ကို အနီးကပ်ကြီးကြပ်ကာ ဒေသတွင်း အခြေအနေနှင့်ကိုက်ညီသော အကြံဉာဏ်များကို ပံ့ပိုးပေးမည်ဖြစ်သည်။ ULA ထိန်းချုပ်သည့် နယ်မြေအချို့တွင် ULA အာဏာပိုင်များသည် ကျောင်းများ ဆက်လက်လည်ပတ်စေရန်အတွက် စစ်ကောင်စီ ပညာရေး ရုံးများကို လွှမ်းမိုးထားနိုင်မှုရှိကြသည်။ အဆိုပါ ကျောင်းများတွင် ရှိရင်းစွဲ အစိုးရသင်ရိုးညွှန်းတမ်းကိုသာ အသုံးပြုသင်ကြားသော်လည်း ULA ၏ အချုပ်အခြာအာဏာကို အသိအမှတ်ပြုသည့် နည်းလမ်းတစ်ခုအနေဖြင့် အာရကန်အလံကို လွှင့်တင်ခြင်းနှင့် အာရကန်အမျိုးသားသီချင်းကို သီဆိုခြင်းတို့ကို ခွင့်ပြုထားသည်။

ဆန့်ကျင်ဘက်အနေဖြင့် မြို့နယ်အဆင့်အောက်ပိုင်း စစ်ကောင်စီအုပ်ချုပ်မှုဖွဲ့စည်းပုံတို့ ပြိုကျပြီးဖြစ်သည့် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့တွင်မူ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု စသည့် အစိုးရ၏ဝန်ဆောင်မှုများသည် တပ်မတော်က ထိန်းချုပ်ထားသည့် မြို့ပြများတွင်သာ ရနိုင်ကြသည်။ စစ်ကောင်စီဝန်ဆောင်မှုများကို သပိတ်မှောက်ခြင်း၏ ရလဒ်အနေဖြင့်သော်လည်းကောင်း၊ တော်လှန်ရေးအဖွဲ့များနှင့် ထိပ်တိုက် ထိတွေ့ခြင်း၊ စစ်ကောင်စီထိန်းချုပ်နယ်မြေများသို့ ခရီးသွားလာခြင်းတို့နှင့်ဆက်စပ်သည့် လုံခြုံရေးနှင့် အဖမ်းဆီးခံရနိုင်သည့် အန္တရာယ်တို့ကြောင့်သော်လည်းကောင်း ကျေးလက်ဒေသရှိ လူအနည်းငယ်သာ စစ်ကောင်စီ၏ ပြည်သူ့ဝန်ဆောင်မှုများကို လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ထိုသို့ လိုအပ်ချက်ရှိနေသည့် အခြေအနေတွင် နယ်မြေခံ ပအဖ နှင့် ပရဟိတအဖွဲ့များ၊ နယ်မြေခံ စေတနာ့ဝန်ထမ်းများ၊ အကြမ်းမဖက်သည့်နည်းဖြင့် အာဏာရှင်ဖီဆန်ရေး လှုပ်ရှားမှုတွင် ပါဝင်ကြသည့် သပိတ်မှောက်ပြည်သူ့ဝန်ထမ်းများ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များ နှင့် ဆရာ၊ ဆရာမတို့နှင့်အတူ ပူးပေါင်းလျက် ဒေသတွင်းနှင့် ကျေးရွာအဆင့်တွင် ပြည်သူ့ဝန်ဆောင်မှုသစ်များကို ပံ့ပိုးပေးလျက်ရှိသည်။

ချင်းပြည်နယ်တွင်မူ အချို့သော မြို့နယ်များ၌ နယ်မြေခံတော်လှန်ရေးအဖွဲ့များ ဦးစီးသော ကျေးလက်ဆေးရုံများကဲ့သို့ ပို၍အဆင့်မြင့်သည့် ကျန်းမာရေးဝန်ဆောင်မှုများရှိသလို အချို့သည်လည်း CDM ကျန်းမာရေးဝန်ထမ်းများ ပံ့ပိုးပေးသည့် ရွေ့လျားကျန်းမာရေး ဝန်ဆောင်မှုများအပေါ် မှီခိုနေကြသည်။ မြို့နယ်များရှိ မတူကွဲပြားသော CDF အဖွဲ့များကြား ပေါင်းစပ်ညှိနှိုင်းမှုကို CJDC မှတဆင့် ဆောင်ရွက်ကြသောကြောင့် မြို့နယ်များအနှံ့ ဝန်ဆောင်မှုပေးခြင်းနှင့် ရင်းမြစ်များ မျှဝေသုံးစွဲခြင်းကို ထိရောက်မှုရှိစေသည်။ ဥပမာဆိုရသော် အချို့သော မြို့နယ်များတွင် ကျန်းမာရေးဝန်ထမ်းဦးရေ ပို၍များပြားသောကြောင့် အထူးကျန်းမာရေးဝန်ဆောင်မှုများကို လိုအပ်သည့်အချိန်၌ လိုအပ်နေသည့်နေရာများသို့ အဆိုပါဝန်ထမ်းများအား ရွှေ့ပြောင်းရေးတွင် နယ်မြေခံအုပ်ချုပ်ရေးမှူးများနှင့် တော်လှန်ရေးအဖွဲ့များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြသည်။ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းလောက်မှ စတင်၍ စစ်ကိုင်းတိုင်းအတွင်း စစ်ကောင်စီက ပြင်းထန်စွာ တိုက်ခိုက်မှုများက အဆိုပါနယ်မြေများရှိ CDM ကျန်းမာရေးဝန်ထမ်းများ မြို့နယ်တစ်ခုနှင့်တစ်ခု သွားလာမှုအပေါ် သက်ရောက်စေခဲ့သောကြောင့် စစ်ကိုင်းတိုင်းတွင် ပြည်နယ်တိုင်းအဆင့် ကျန်းမာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုများ နည်းပါးပုံရသည်။ ထိုသို့သော အခြေအနေများဖြစ်လင့်ကစား မြို့နယ်အဆင့်အောက်ရှိ CDM ဝန်ထမ်းများနှင့် နယ်မြေခံ PDF များအနေဖြင့်မူ စစ်ကောင်စီ၏ ဆေးကုသရေးအဆောက်အဦများရှိ တိုက်ရိုက်နှင့် တဆင့်ခံ ကျန်းမာရေးစောင့်ရှောက်မှုများကို အသုံးမပြုနိုင်သော သို့မဟုတ် အသုံးပြုလိုခြင်းမရှိသော ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးပစ္စည်းများ ထောက်ပံ့ရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ရှိ တော်လှန်ရေးအဖွဲ့တို့၏ ပြည်သူ့ဝန်ဆောင်မှုပေးရေး ယန္တရားများသည် သုတေသန စစ်တမ်းကောက်ယူနေစဉ်အတွင်း စစ်ကောင်စီ၏ မကြာခဏပြုလုပ်သော စစ်ဆင်ရေးများ၊ ပြည်သူ၊ စစ်သားမခွဲခြားသော လေကြောင်းတိုက်ခိုက်မှုများနှင့် ကျေးရွာမီးရှို့မှုများကြောင့် ခြိမ်းခြောက်မှုများကို အမြဲပုံမှန် ကြုံတွေ့ကြရသည်။ တစ်ချိန်တည်းမှာပင် တော်လှန်ရေးအဖွဲ့များ၏ စားနပ်ရိက္ခာ၊ တပ်သားသစ်၊ ထောက်လှမ်းရေး သတင်းနှင့် အရပ်သားပြည်သူများကို စုပေါင်း ဒဏ်ခတ်အပြစ်ပေးခြင်းအားဖြင့် လုံခြုံသောနေရာ စသည်တို့ မရှိစေရန် ဖြတ်တောက်ရာတွင် စစ်ကောင်စီက အသုံးပြုသည့် တပ်မတော်၏ 'ဖြတ်လေးဖြတ်' တန်ပြန်ဗျူဟာကြောင့် ပေါ်ပေါက်လာသည့် ထောက်ပို့ဆိုင်ရာ စိန်ခေါ်မှုများကြောင့်လည်း ဆေးပစ္စည်းများလည်း အမြဲလိုလို ပြတ်လပ်လေ့ရှိသည်။[၃၃] အရပ်သားများနေထိုင်သည့် နေရာများတွင် စစ်ကောင်စီက တိုက်ခိုက်နှောင့်ယှက်မှုများနှင့် မကြာခဏ လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် စိုက်ပျိုးရေးဓလေ့များနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ အနှောင့်အယှက်ဖြစ်စေကာ ငွေပေါ်သီးနှံများ ဝယ်လိုအားကျဆင်းစေလျက် ဈေးကွက်ပြိုလဲစေခဲ့သည်။ အချို့အားပြိုင်သော နယ်မြေများတွင် ဒေသတွင်းဂမ်းစာဖူလုံရေးနှင့် ရပ်ရွာအတွင်း အပြန်အလှန်အထောက်အကူပြုရေးကို ဦးတည်သည့် စီးပွားရေးပုံစံတစ်ခုအဖြစ် အသွင်ကူးပြောင်းစေခဲ့သည့် ရလဒ်များဖြစ်ပေါ်ခဲ့ကာ ထိုအကြောင်းကိုလည်း စာတမ်း အမှတ် (၂) တွင် လေ့လာဆန်းစစ်မည်ဖြစ်သည်။ ဤသို့ တစ်စစ ဆုတ်ယုတ်လာပြီး ပြင်ပမှ လူသားချင်းစာနာမှု ပံ့ပိုးကူညီမှုများမရသော သို့မဟုတ် အကန့်အသတ်ဖြင့်သာရသော အခြေအနေမျိုးတွင် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ရှိ ရပ်ရွာလူထုသည် စစ်ဘေးရှောင်ပြည်သူများစွာကို အကူအညီပေးရန် ကြိုးစားရုန်းကန်ရလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် စစ်ဘေးရှောင်ပြည်သူတို့သည် အသက်ရှင်ရပ်တည်ရေးအတွက် နယ်မြေတွင်းအလှူရှင်များ၏ ပံ့ပိုးကူညီမှုပေါ် မှီတည်နေရသည်။ လက်ရှိကာလတွင် အဓိက ပံ့ပိုးထောက်ပံ့သော ရင်းမြစ်များမှာ ချင်းပြည်နယ်၌ အခြားနိုင်ငံတွင် နေထိုင်သူ ချင်းလူမျိုးတို့၏ ငွေကြေးထောက်ပံ့မှုနှင့် ဒေသန္တရ ရင်းမြစ်များဖြစ်ကြပြီး စစ်ကိုင်းတိုင်းတွင်မူ နယ်မြေခံတို့၏ လှူဒါန်းမှုများနှင့် ကိုယ်တိုင်ကိုယ်ကျ ငွေကြေးရှာဖွေရေး အစီအစဉ်များပေါ် များစွာ မှီခိုနေကြရသည်။

၃၃ Arnold. M ၏ ၂၀၂၁ ခုနှစ်တွင် ရေးသားပြုစုသော စာစောင် စာမျက်နှာ ၈-၉ ကို လေ့လာပါ။

## ပညာရေးကဏ္ဍ ပံ့ပိုးကူညီမှု

၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းမှ စတင်၍ ရခိုင်ပြည်နယ်အနှံ့အပြားတွင် ပညာရေးနှင့် အားကစားဝန်ကြီးဌာန (MoES) ကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ သို့သော် ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းရှိ စစ်ကောင်စီကျောင်းများနှင့် မြို့နယ် MoES ရုံးများတွင်မူ CDM လှုပ်ရှားမှုများ တွင်ကျယ်လာပြီးနောက်ပိုင်း ကိုဗစ်ဒယ်လ်တာပိုး ကူးစက်ပျံ့နှံ့မှုကြောင့် ၂၀၂၁ ခုနှစ် တစ်နှစ်ပတ်လုံး ပိတ်ထားခဲ့သည်။

၂၀၂၂ ခုနှစ် အစောပိုင်းလများမှ စတင်ကာ NUG လက်အောက်ရှိ ကျောင်းများနှင့် အခြား စစ်ကောင်စီထိန်းချုပ်မခံရသော ကျောင်းများကို ဖွင့်လှစ်ခဲ့ပြီး၊ ယခု သုတေသနစီမံချက်ကို လေ့လာနေစဉ် ကာလအတွင်း စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ရှိ ကျေးရွာအများစုတွင် သတ်မှတ်အချိန်ဇယားဖြင့် ဖွင့်လှစ် သင်ကြားလျက်ရှိသည်။ NUG လက်အောက်ခံကျောင်းများကို နယ်မြေခံ တော်လှန်ရေးအဖွဲ့များနှင့် တစ်ဦးချင်း ရန်ပုံငွေထောက်ပံ့သူတို့ ရှာဖွေသော ရန်ပုံငွေများဖြင့်သော်လည်းကောင်း အချို့နေရာများတွင် NUG က ပံ့ပိုးပေးသောအကူအညီများဖြင့်သော်လည်းကောင်း မြို့နယ် ပညာရေးဘုတ်အဖွဲ့က ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ (ဖြစ်စဉ် (၅) ကို ဖတ်ရှုလေ့လာပါ။) ဖွင့်လှစ်လျက်ရှိသည့် စာသင်ကျောင်း အချိုးအဆနှင့်စပ်လျဉ်း၍ မြို့နယ်များတွင် ကွဲလွဲမှုအနည်းငယ်ရှိပြီး ပအဖ၊ ပကဖ တို့၏ ပံ့ပိုးကူညီမှုဖြင့် စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများက သင်ကြားလျက်ရှိကာ စစ်ကိုင်းတိုင်းတောင်ပိုင်း နယ်မြေများတွင် ဖွင့်လှစ်လျက်ရှိသော ကျောင်းများသည် အာဏာမသိမ်းခင် ကျောင်းအရေအတွက်၏ (၈၀) ရာခိုင်နှုန်းထိ ရှိသည်။ သို့ရာတွင် စစ်ကောင်စီတပ်ဖွဲ့များ၏ ဦးစားပေး ပစ်မှတ်များဖြစ်လေ့ရှိသည့် အဝေးပြေးလမ်းမ အနီးအနားရှိကျေးရွာများတွင် အချိန်မရွေး တိုက်ပွဲဖြစ်နိုင်သော အခြေအနေမျိုး၌ ဆရာ၊ ဆရာမများအပေါ် ကျရောက်သည့်အန္တရာယ်ကြောင့် ကျောင်းအနည်းငယ်သာ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

### ဖြစ်စဉ် ၅ - စစ်ကိုင်းတိုင်းတောင်ပိုင်းရှိ ပညာသင်ကြားမှု အခြေအနေများ

စစ်ကိုင်းတိုင်းတောင်ပိုင်းရှိ မြို့နယ်တစ်ခုတွင် ၂၀၂၂ ခုနှစ် ဧပြီလမှစတင်ကာ ကျောင်းများကို ပြန်လည် ဖွင့်လှစ်ခဲ့ပြီး ၂၀၂၂ ခုဇွန်လတွင်မူ ပြန်လည်ဖွင့်လှစ်ခဲ့သော ကျောင်းပေါင်း (၈၀) ခန့်ရှိသည်။ ကျောင်း အများစုမှာ စစ်ကောင်စီတပ်ဖွဲ့များ အလွယ်တကူရောက်လာနိုင်သည့် အဓိက အဝေးပြေးလမ်းမကြီးများနှင့် ဝေးရာနေရာတွင် တည်ရှိကြသည်။ ကျေးရွာအများစုတွင် ရွာသားများက အာဏာသိမ်းအပြီး အုပ်ချုပ်ရေးမှူးများနှင့် နယ်မြေခံ စေတနာ့လုပ်အားပေးအဖွဲ့၏ ပြောင်းလဲလာသော အခန်းကဏ္ဍများကို ထည့်သွင်းစဉ်းစားကာ ပအဖ၏ အကူအညီဖြင့် ကျောင်းကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ အဆိုပါ ကျောင်းကော်မတီများ ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုအပြီးတွင် စေတနာ့ဝန်ထမ်း ဆရာ၊ ဆရာမများ၏ အကူအညီဖြင့် ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ကျောင်းဝန်ထမ်းအင်အားအတွက် ရပ်ရွာနှင့် CDM ဆရာ၊ ဆရာမတို့သည် အရေးကြီးပြီး ၎င်းတို့သည် နယ်မြေခံ PDF များ၏ ပညာရေးကွန်ယက် (အာဏာသိမ်းအပြီး နယ်မြေခံ ပရဟိတအဖွဲ့များက ဖွဲ့စည်းခဲ့သော) ပညာရေးစင်တာနှင့် NUG ပညာရေးဘုတ်အဖွဲ့ စသည့် ပညာရေး ဝန်ဆောင်မှုသုံးခုထံမှ လိုအပ်သောရင်းမြစ်များနှင့် သင်ရိုးညွှန်းတမ်းများကို လက်ခံရရှိခဲ့သည်။ အချို့သောကျေးရွာများတွင် လိုအပ်သည့် ဆရာ၊ ဆရာမ ရာထူးနေရာတွင် တာဝန်ပေးရန် နယ်မြေခံ စေတနာ့လုပ်အားပေးများအတွက် သင်တန်းများကို အဆိုပါကွန်ယက်များနှင့် CDM ဆရာ၊ ဆရာမများက စီစဉ်ပေးသည်။ အစပိုင်းတွင် ဖော်ပြပါ အဖွဲ့သုံးဖွဲ့သည် အချင်းချင်းပြိုင်ဆိုင်ကာ ၎င်းတို့၏ အဖွဲ့အမည်ဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် ကြိုးစားခဲ့ကြသည်။ မြောင်မြို့နယ်ရှိ ဖြေဆိုသူတစ်ဦးက ပြောကြားသည်မှာ -

> “ဘောလုံးပွဲ တစ်ပွဲကို ကြည့်နေရသလိုပဲ။ သူတို့အမည်နဲ့ပဲ ကျောင်းတွေကို ပြန်ဖွင့်ဖို့ ကြိုးစားနေပြီး အမှတ်ရချင်နေတာ။”

နောက်ပိုင်းတွင် NUG ပညာရေးဝန်ကြီးက အဆိုပါ ပညာရေးဝန်ဆောင်မှု အဖွဲ့သုံးဖွဲ့လုံးနှင့် အစည်းအဝေး ကျင်းပကာ အဖွဲ့သုံးဖွဲ့မှ ကိုယ်စားလှယ်သုံးဦးဖြင့် ညွန့်ပေါင်းအဖွဲ့တစ်ခုဖွဲ့ရန် အကြံပြုခဲ့ပြီး ကော်မတီဝင် ကိုးဦးပါဝင်သော ကော်မတီသစ်ကို ဖွဲ့စည်းခဲ့သည်။ ယင်းကဲ့သို့ အပြိုင်အဆိုင် ဝန်ဆောင်မှုပေးရန် ကြိုးပမ်းလျက်ရှိကြသော အာဏာပိုင်/တော်လှန်ရေးအင်အားစု အမျိုးမျိုးတို့ဖြစ်စဉ်မှာ ပြည်သူရေးရာဝန်ဆောင်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီရရှိရေး တော်လှန်ရုန်းကန်နေသာဖြစ်စဉ် တစ်လျှောက်တွင် အရေးပါသော အခြေအနေများကို မီးမောင်းထိုးပြနေခြင်း ဖြစ်သည်။ NUG အနေဖြင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများနှင့် နယ်မြေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းခြင်းတို့တွင် ပို၍ဦးစားပေးကာ အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သင့် ကြောင်းကို မီးမောင်းထိုးပြခြင်းလည်း ဖြစ်သည်။

လက်ရှိတော်လှန်နေသည့် နယ်မြေများတွင် သင်ကြားပြသပေးနေသော ဆရာ၊ ဆရာမများသည် CDM ဝန်ထမ်းများဖြစ်စေ၊ အာဏာမသိမ်းခင်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးဖြစ်သော သို့မဟုတ် တက္ကသိုလ်များတွင် ပညာသင်ကြားနေသော စေတနာ့လုပ်အားပေးများဖြစ်စေ ဖြစ်ကြသည်။ ရပ်ရွာလူထုသည် အာဏာမသိမ်းခင်ရှိခဲ့သော ကျောင်းဆရာထောက်ပံ့ရေး ယန္တရားပေါ် အခြေခံလျက် စာသင်ရန် စာရေးကိရိယာများ သို့မဟုတ် ကျောင်းသားများအတွက်စာအုပ်များ စသည့် ပညာရေးကုန်ကျစရိတ်များအတွက် ရန်ပုံငွေကို ရှာဖွေစုဆောင်းကြသည့်အပြင် ကျောင်းနှင့်ဆက်စပ်နေသော ကိစ္စရပ်အချို့ကိုလည်း စီမံခန့်ခွဲကြသည်။

ဆရာ၊ ဆရာမများကို ကျေးရွာတွင်း စားဝတ်နေရေးပြေလည်စေမည့် အတိုင်းအတာတစ်ခုအထိ ရန်ပုံငွေများထဲမှ လစာပေး၍ ပအဖ ခေါင်းဆောင်များနှင့် ညှိနှိုင်းကာ လခအပြင် ကျေးရွာထံမှ ပစ္စည်းအမျိုးအစားအလိုက် ဖြည့်စွက်ထောက်ပံ့မှုများလည်းရှိပြီး၊ ထိုအကြောင်းကို စာတမ်း အမှတ် (၂) တွင် ဆက်လက်လေ့လာဖော်ပြသွားမည်ဖြစ်သည်။ အချို့သောအခြေအနေများတွင် ဒေသခံစီးပွားရေး လုပ်ငန်းရှင်များထံမှ အထူးထောက်ပံ့မှုများကို စာသင်ကျောင်းများက လက်ခံရရှိကြသော်လည်း ကျောင်းအများစုကမူ ကျောင်းရံပုံငွေအတွက် နယ်မြေခံရပ်ရွာထံမှ လှူဒါန်းမှုများအပေါ် မှီခိုနေကြရခြင်း ဖြစ်သည်။ ယခု သုတေသနအောက်တွင် လေ့လာခဲ့သည့် စာသင်ကျောင်းအချို့သည် NUG လက်အောက်ခံ ကျောင်းများဖြစ်ကြပြီး ၎င်း၏ လမ်းညွှန်မှုဝါဒများအတိုင်း လည်ပတ်ဖွင့်လှစ်ကြသော်လည်း ကျောင်းအများစုမှာ ကိုယ့်ရန်ပုံငွေ ကိုယ်ရှာရပုံပေါ်သည်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းမြောက်ပိုင်းတွင် ကျေးရွာရှိ ပညာရေးဝန်ထမ်းများမှာ NUG ထံမှ မြေဖြူကိုသာ လက်ခံရရှိဖူးကြောင်း အသိပေးပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် ဒေသအနှံ့အပြားရှိ ပညာရေးဝန်ထမ်းအများအပြားအနေဖြင့် NUG ဆက်စပ်ကွန်ယက်များထံမှ မည်သည့်ထောက်ပံ့မှုမျိုးမဆိုကို လက်ခံဖူးခြင်း မရှိကြပေ။ ဘေးကင်းလုံခြုံမှုမရှိသည့် အခြေအနေများအတွင်း နယ်မြေခံ PDF များက စာသင်ကျောင်းများ တပ်မတော်၏ တိုက်ခိုက်မှုမခံရအောင် ဦးစီးဦးဆောင် ဆောင်ရွက်၍လည်းကောင်း၊ ဘေးကင်းလုံခြုံသည့် နေရာသို့ ကျောင်းသားများအား ရွှေ့ပြောင်းရာတွင်လည်းကောင်း စစ်ရေးနှင့် အရပ်သားအုပ်ချုပ်ရေးတို့ကြား လိုအပ်သည့် ပေါင်းစပ်နေထိုင်မှုပြုလုပ်ပြီး ညှိနှိုင်းဆောင်ရွက်ကြကြောင်းလည်း တွေ့ရသည်။

# အပိုင်း (၃)
## သက်ရောက်မှုအကျိုးဆက်များနှင့် နိဂုံး

ယခု သုတေသနမှ ရှာဖွေတွေ့ရှိချက်များအရ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ စစ်တပ် အာဏာသိမ်းမှုနောက်ပိုင်းတွင် မြန်မာနိုင်ငံရှိ နေရာဒေသအနှံ့အပြား၌ လည်ပတ်နေသော ဗန္ဓာတ်(ထွေးရေယှက်တင်) အုပ်ချုပ်မှုပုံစံ အနည်းဆုံး သုံးခုရှိကြောင်း အကြံပြုပြောကြားနိုင်သည်။ အခြေအနေပေါ်မူတည်၍ အုပ်ချုပ်ရေးတွင် ပါဝင်သော လက်နက်ကိုင်သူများနှင့် အရပ်သားတို့၏ အခန်းကဏ္ဍသည် လွန်စွာ ကွဲပြားခြားနားကြသည်။ သို့သော် တရားစီရင်ရေး ပြဋ္ဌာန်းချက်များနှင့် အငြင်းပွားမှု ဖြေရှင်းခြင်းမှသည် ဆုံးဖြတ်ချက်ချမှတ်ရေးနှင့် လူမှုအခြေပြု စီမံအုပ်ချုပ်မှုစသည့် ကဏ္ဍအလိုက်နယ်ပယ်အနှံ့တွင်မူ တိုင်း/ပြည်နယ်အဆင့် ကောင်စီများသည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ် ကျေးလက်ဒေသများရှိ ပြည်သူများစွာအပေါ် သက်ရောက်မှုမရှိလှပေ။ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်တွင် အာဏာမသိမ်းခင် ULA/AA နှင့် တပ်မတော်တို့ကြား အပစ်အခတ် ရပ်စဲမှုကြောင့်ပင် ULA အနေဖြင့် စစ်ကောင်စီ၏ဝန်ထမ်းနှင့် ရင်းမြစ်များကိုအသုံးပြုလျက် တရားစီရင်ရေးစနစ်သစ်တစ်ခု တည်ဆောက်ခြင်းအပါအဝင် နယ်ပယ်ကဏ္ဍသစ်များတွင် လက်တွေ့ကျင့်သုံးလည်ပတ်သည့် အာဏာပိုင်စိုးမှုကို ချဲ့ထွင်နိုင်စေခဲ့သည်။

စစ်ကောင်စီ၏ အခန်းကဏ္ဍသည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ရှိနေရာအများစုတွင် လျော့ကျလျက်ရှိပြီး ယင်းနေရာများတွင် လိုအပ်သော လူမှုအခြေပြု စီမံအုပ်ချုပ်မှုပုံစံများနှင့် တရားစီရင်ရေးကိစ္စများတွင် ဒေသခံလူမှုခေါင်းဆောင်များမှ အစားထိုးဝင်ရောက် ဆောက်ရွက်ပေးလျက်ရှိသည်။ ထိုသို့မတူကွဲပြားသော လူမှုခေါင်းဆောင်များတည်ရှိနေသည့် အခြေအနေနှင့် ဒေသအဆင့်နှင့် နိုင်ငံအဆင့် ဖြစ်ပေါ်နေသော လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများရှိနေသည့် အခြေအနေတွင် နိုင်ငံတကာနှင့် ပြည်တွင်းမှ အဖွဲ့အစည်းများ/လှုပ်ရှားဆောင်ရွက်သူများအနေဖြင့် ပိုမိုသစ်ဆန်းသည့် ချဉ်းကပ်မှုပုံစံများဖြင့် လုပ်ဆောင်နိုင်မည့် အခွင့်အလမ်းများကို မီးမောင်းထိုးပြလျက်ရှိသည်။ စာတမ်း (၂) (တော်လှန်ရေးအရှိန်အဟုန်ကို ထိန်းထားခြင်း၊ ဒေသအသက်မွေးမှု လုပ်ငန်းများအားစီမံခြင်း) တွင် ဆက်လက်ဆွေးနွေးမည့် ဒေသသက်မွေးမှုပုံစံများ၏ အပြောင်းအလဲ၊ ရပ်ရွာတွင်း အပြန်အလှန်အထောက်အကူပြုခြင်း၊ အခွန်ကောက်ခံခြင်းနှင့် စီပွားရေးဆိုင်ရာ စည်းမျဉ်းများသည် တော်လှန်ရေးအင်အားစုထိန်းချုပ်ရာ ဒေသများတွင် ပေါ်ထွက်လာခဲ့ပြီး ယင်းမှာ တော်လှန်ရေးအရှိန်အဟုန်ကို ထိန်းကျောင်းမောင်းနှင်ရန်အတွက် အလွန်အရေးပါမည်ဖြစ်သည်။ ယင်းအခြေအနေတွင် NUG အတွက် အဓိကကျသော စိန်ခေါ်မှုမှာ မတူညီသော ဒေသအခြေအနေများအလိုက် ၄င်းနှင့် သင့်တော်သောအခန်းကဏ္ဍကို ရွေးချယ်လုပ်ကိုင်နိုင်မှုနှင့် ဒေသရှိလူမှုခေါင်းဆောင်များ၏ လုပ်ဆောင်မှုများနှင့် လိုက်ရောညီထွေဖြစ်အောင် ထောက်ကူပေးနိုင်မှုတို့ဖြစ်သည်။ ယင်းမှာ NUG ၏ လက်ရှိအနေအထားအတွက် အဓိကအရေးပါသောအချက်ဖြစ်ပြီး အထူးသဖြင့် အခွန်ဘဏ္ဍာရရှိမှု အကန့်အသတ်များအရ မြေပြင်ရှိ တော်လှန်ရေး အင်အားစုများအတွက် လက်တွေ့ လက်နက်ပစ္စည်းထောက်ပံ့ပေးနိုင်မှု အကန့်အသတ်များရှိနေသည့်အခြေအနေတွင် များစွာ အရေးပါမည်ဖြစ်သည်။

စစ်ကောင်စီ၏ ထိုးစစ်များ ပြုလုပ်နေသည့်အခြေအနေနှင့် အကန့်အသတ်ဖြင့်သာရှိသော အရင်းအမြစ်များ (ဘဏ္ဍာငွေ၊ လူ၊ လက်နက်၊ ဆေးဝါး စသည်) အနေအထားတွင် တော်လှန်ရေး အင်အားစုများသည် ခုခံတိုက်ခိုက်ရေးနှင့် ဒေသခံပြည်သူတို့ လုံခြုံရေးကိစ္စများတွင် သာမက လူမှုအခြေပြုစီမံအုပ်ချုပ်မှုလုပ်ငန်းများတွင်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာကြသည်။ ထူးခြားချက်အနေဖြင့် ရပ်ရွာလူထုအတွင်း အပြန်အလှန်ထောက်ကူမှု လူမှုအခြေပြုစနစ်များနှင့် ဘေးအန္တရာယ်များကို အတူရင်ဆိုင်ကျော်ဖြတ်သည့် ပုံစံများကို ထွက်ပေါ်လာသည်ကို တွေ့ရပြီး အာဏာမသိမ်းခင်က ရှိရင်းစွဲ ပရဟိတအဖွဲ့များ၏ လုပ်ငန်းစဉ်များအပေါ် ဆက်လက်တည်ဆောက် လုပ်ကိုင်သွားကြသည်ကိုလည်း မကြာခဏဆိုသလို တွေ့မြင်ရသည်။ နိုင်ငံအနှံ့တွင် စစ်ကောင်စီ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအများစု ရပ်တန့်သွားချိန်တွင် လူမှုအခြေပြုစနစ်များသည် ရပ်ရွာဒေသအတွင်း အရင်းအမြစ်များစုစည်းခြင်းနှင့် လိုအပ်သော လူမှုရေးလုပ်ငန်း/ဝန်ဆောင်မှုများ ရရှိအောင် လုပ်ဆောင်ပေးလျက်ရှိသည်။ ထိုကဲ့သို့သော လိုအပ်ချက်အပေါ်မူတည်၍ အစောတလျင် တုန့်ပြန်ဆောင်ရွက်ရသော အခြေအနေတွင် လူမှုရေးလုပ်ငန်း/ဝန်ဆောင်မှုများကို ဦးဆောင်သူများနှင့် လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ ပေါ်ထွက်လာကြပြီး အသစ်တည်ဆောက်ထားသော လူမှုအခြေပြု စီမံ

အုပ်ချုပ်မှုပုံစံများတွင် စစ်ဘက်နှင့် အရပ်ဘက်ကဏ္ဍများ ထွေရောယှက်တင် ဖြစ်နေခြင်းမှာလည်း ထူးပြီး အံ့သြသင့်ဖွယ် အချက်မဟုတ်ပေ။ စစ်ကိုင်းတိုင်းရှိ အသစ်ပေါ်ပေါက် လာသည့် တော်လှန်နယ်မြေသစ်များတွင် လက်နက်ကိုင်အင်အားစုများသည် ရပ်ရွာစီမံအုပ်ချုပ်ရေး ကိစ္စများတွင် ပို၍ ထဲထဲဝင်ဝင်ပါဝင်ကြသည်ကို တွေ့ရသည်။ ယခုကာလအထိ စစ်ရေးနှင့် လူမှုရေးလုပ်ငန်း/ဂန်ဆောင်မှု အခန်းကဏ္ဍများတွင် ၄င်း လက်နက်ကိုင်တော်လှန်ရေးအင်အားစုများ၏ ရှန်းထတွန်းလှန်နိုင်စွမ်းကို သက်သေပြခဲ့ပြီးဖြစ်သော်လည်း ရှေ့လာမည်နှစ်များတွင် ဒီမိုကရေစီ နိုင်ငံရေးအခြေပြု အရပ်သားဦးဆောင်သည့် အုပ်ချုပ်ရေးနှင့် ဆုံးဖြတ်ချက်ချမှုပုံစံများကို အခြေတည်သည့် ဒေသစီမံအုပ်ချုပ်မှုစနစ်/ပုံစံများအတွက် ဆွေးနွေးစရာကိစ္စရပ်များ ပေါ်ထွက်လာ နေပြီဖြစ်သည်။

ချင်းပြည်နယ်တွင်မူ မျိုးနွယ်စု ခေါင်းဆောင်များသာမက နယ်မြေခံတော်လှန်ရေးအဖွဲ့များနှင့် ချင်းပြည်သူလူထု တစ်ရပ်လုံးက ဒလံကိစ္စနှင့်ဆက်လျဉ်း၍ အရပ်သားများကို အပြစ်ပေးခြင်း ဖြစ်စဉ်တွင် လက်နက်ကိုင်အဖွဲ့များ၏ အခန်းကဏ္ဍနှင့် အာဏာသိမ်းကာလအလွန် တရားရေးစနစ်များအတွက် တက်ကြွစွာ ငြင်းခုံဆွေးနွေးခဲ့ပြီးဖြစ်သည်။ ပြည်တွင်းပြည်ပမှ လှုပ်ရှားဆောင်ရွက်သူများ/ကူညီထောက်ပံ့သူများ အနေဖြင့် စစ်ကာလအတွင်း တော်လှန်ရေးအင်အားစုများ၏ လူမှုအခြေပြု စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် စစ်ဘက်နှင့် အရပ်ဘက်အခန်းကဏ္ဍများ ပိုမိုပီပြင်လာရေးကို ရှေးရှုသည့် အရင်းအမြစ်စီမံမှုပုံစံများနှင့် အထောက်အကူများကို ဦးတည်ဆောင်ရွက်သင့်ပေသည်။

၂၀၂၁ ခုနှစ်မှ စတင်၍ တိုက်နယ်/ဒေသအဆင့် အုပ်ချုပ်ရေးတွင် လှုပ်ရှားပါဝင်လာသူ ခေါင်းဆောင်အသစ်များစွာ ပေါ်ထွန်းလာပြီး ရှိရင်းစွဲ လူမှုကူညီရေးလုပ်ငန်း ခေါင်းဆောင်များနှင့် ကော်မတီများသည် လိုအပ်ချက်အလိုက် လုပ်ငန်းတာဝန်သစ်များ တိုးချဲ့လာခဲ့ကာ မြို့နယ်အဆင့်နှင့် အထက်ပိုင်းအဆင့်များ၌ တော်လှန်ရေးအင်အားစုများအကြား (NUG၊ PDF  နှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ အပါအဝင် ဖြစ်သည်) ကွန်ယက်ချိတ်ဆက်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများအတွက် အခွင့်အလမ်းများ ဖြစ်ပေါ်လာခဲ့သည်။ NUG အနေဖြင့် စစ်မက်ဖြစ်ပွားချိန်တွင် လူမှုရေးဝန်ဆောင်မှုများ အထူးသဖြင့် စာသင်ကျောင်းများ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်များ ချမှတ်ပေးလျက်ရှိသည်။ တော်လှန်ရေးလုပ်ငန်းများနှင့် လူမှုအထောက်အကူပြု လုပ်ငန်းများအတွက် NUG ၏ အရင်းအမြစ်များပံ့ပိုးနိုင်မှု နည်းပါးခြင်းကြောင့် နယ်မြေခံတော်လှန်ရေးအဖွဲ့များဦးဆောင်သည့် ကိုယ်ထူကိုယ်ထ စာသင်ကျောင်းများပေါ်ပေါက်ခြင်းသည်  ကြားကာလ (ကာလတို နှင့် အလတ်)တွင် ဗဟိုချုပ်ကိုင်မှုမရှိသော ဒေသအခြေပြု ရံပုံငွေရှာဖွေခြင်းနှင့်  လူမှုအခြေပြု အပြန်အလှန်အထောက်အကူပြုစနစ်များ၏ အားသာချက်များကို မီးမောင်းထိုးပြလျက်ရှိပြီး ယင်းစနစ်များမှာ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တို့တွင် ခုခံတွန်းလှန်ရေး လုပ်ငန်းစဉ်များနှင့် စီမံအုပ်ချုပ်မှုစနစ်များအတွက် အခြေခံများဖြစ်လာခဲ့သည်။ သို့သော်လည်း စစ်ကိုင်းတိုင်း နယ်မြေအစိတ်အပိုင်းအချို့တွင် တော်လှန်ရေးအဖွဲ့များကို ချိတ်ဆက် ညှိနှိုင်းကြီးကြပ်သည့် အုပ်ချုပ်မှုဖွဲ့စည်းပုံ အားနည်းခြင်းကြောင့် တော်လှန်ရေးအဖွဲ့များ အုပ်ချုပ်ရေးပိုင်းလွှမ်းမိုး၍ နယ်မြေလှုပ်ရှားမှုများပြုလုပ်နေသည့် သက်ဆိုင်ရာ ပိုင်နက်နယ်မြေများကို ကျော်လွန်ကာ အထောက်အပံ့နှင့် ရင်းမြစ်ရှာဖွေလာသည့်အလျောက် တော်လှန်ရေးအဖွဲ့အချင်းချင်း ယှဉ်ပြိုင်လာကာ ပဋိပက္ခဖြစ်နိုင်သည့် အလားအလာများ တိုးမြင့်လာနိုင်သည်။ စစ်ကောင်စီ၏ ဖြတ်လေးဖြတ် ဗျူဟာများဖြင့် ဒေသအရင်းအမြစ်များ ရှားပါးစေခြင်းနှင့် ရပ်ရွာလူထု၏ စိတ်ဓာတ်ပျက်ပြားစေခြင်းသည်လည်း တော်လှန်ရေးအဖွဲ့များအကြား ပူးပေါင်းလုပ်ဆောင်သည့် ခုခံတွန်းလှန်သည့်အစီအစဉ်များအစား တင်းမာမှုများ/ပဋိပက္ခများကိုပိုမို တိုးမြှင့်သွားစေသည်။

တဆက်တည်းမှာပင် စစ်ကိုင်းတိုင်းနှင့် နှိုင်းယှဉ်သော် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ လူမျိုးစုအခြေပြု မျှော်မှန်းချက်များနှင့် စုဖွဲ့မှုပုံစံသည် စစ်အတွင်း ပို၍အားကောင်းသော စုစည်း ညီညွတ်သော ခုခံစစ်ကို ဖော်ဆောင်နိုင်ရာ ယင်းအချက်သည်  အမျိုးသားရေးနှင့် ဒီမိုကရေစီအရေး ဦးဆောင်သူများအတွက် ချိန်ဆဖွယ်မေးခွန်းများကို ဖြစ်ပေါ်စေသည်။ အထူးသဖြင့် NUG အနေဖြင့် ကျယ်ပြန့်သော ဖယ်ဒရယ်ဒီမိုကရေစီ ရည်မှန်းချက်များ၏ တစ်စိတ်တစ်ဒေသအနေဖြင့် မတူကွဲပြားသည့် တော်လှန်ရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်မှုများ

ကို မည်သို့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သင့်သနည်း ဟူသောမေးခွန်းဖြစ်သည်။ NUG အနေဖြင့် မတူကွဲပြားသည့် အခြေအနေအမျိုးမျိုးတွင် ၎င်းတို့ တာဝန်ယူဆောင်ရွက်နိုင်သော လက်တွေ့ကျသည့် တာဝန်များကို ရှာဖွေဖော်ထုတ်ရန် လိုအပ်သည်။ အထူးသဖြင့် မတူသည့်အခြေအနေများအလိုက် ဝန်ဆောင်မှုများပေးရေးနှင့် လူသားချင်းစာနာထောက်ထားရေး လိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းရေးတွင် ၎င်းအနေဖြင့် အကောင်းဆုံးဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းများကို ရှာဖွေရန်ဖြစ်သည်။ အကယ်၍ NUG အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ဝန်ဆောင်မှုပေးရေးကဏ္ဍ၌ တိုက်ရိုက် တာဝန်ယူဆောင်ရွက်ရန် ကြိုးပမ်းမည်ဆိုပါက ၎င်းဝန်ဆောင်မှုများစွာကို အစောပိုင်းကာလကတည်းက ရှိသည့်အင်အားဖြင့် ပံ့ပိုးပေးလျက်ရှိသော၊ ၎င်းတို့ကိုယ်တိုင်လည်း အထောက်အကူများ အမှန်တကယ်လိုအပ်လျက်ရှိသော ဒေသခံတော်လှန်ရေး အဖွဲ့များ၊ လူမှုဂရုဏာ အဖွဲ့များ/လှုပ်ရှား ဆောင်ရွက်သူများအနေဖြင့်  ၎င်းတို့အား ယှဉ်ပြိုင်လာသည်ဟု ထင်မြင်သွားနိုင်သည့် အန္တရာယ် ရှိနေသည်- ထိုသို့ဖြစ်လာပါက ၎င်းဒေသခံအဖွဲ့များနှင့် မိတ်ဖက်ဖွဲ့၍ လုပ်ဆောင်နိုင်ရန် ခက်ခဲသွားပေမည်။ ထို့ကြောင့်ပင် NUG ၏ အခန်းကဏ္ဍသည် တိုင်းဒေသကြီးအလိုက်၊ မြို့နယ်အလိုက် လိုအပ်ချက်ပေါ်မူတည်၍ ကူညီထောက်ပံ့သည့်ပုံစံများကို ဖော်ဆောင်သင့်သည်။ ၎င်း ထောက်ပံ့ကူညီမည့် ပုံစံတို့သည် လမ်းညွှန်ချက်များ ချမှတ်ပေးခြင်းမှသည် လိုအပ်သောအရင်းအမြစ်များ ရှာဖွေခြင်းနှင့် ထောက်ပံ့ခြင်းများအထိ ပါဝင်နိုင်ပြီး ရည်ရွယ်ချက်တူသည့် ဒေသခံအဖွဲ့များ/ လှုပ်ရှား ဆောင်ရွက်သူများအား ကူညီထောက်ကူမှုပြုခြင်းနှင့် နိုင်ငံတကာ အထောက်အပံ့အကူအညီများရရှိရန် ဆောင်ရွက်ပေးခြင်းတို့ဖြစ်သည်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းမြောက်ပိုင်းတွင် KIO/KIA နှင့်ဒေသတွင်း တော်လှန်ရေးအဖွဲ့များအကြား ရင်းနှီးသည့် ချိတ်ဆက်ဆောင်ရွက်မှုရှိနေခြင်းကြောင့် NUG အနေဖြင့် ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) နှင့် ယင်း၏ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှု ပေးသူများမှတဆင့် ဒေသတွင်းလူမှုရေးရာ လှုပ်ရှားဆောင်ရွက်သူ မိတ်ဖက်များထံ ထောက်ပံ့ကူညီမှုများ ပံ့ပိုးပေးနိုင်သည်။ ချင်းပြည်နယ်တွင်မူ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် မျိုးနွယ်စု ဖွဲ့စည်းမှုပုံစံများသည် အရေးကြီးသည့်အချင်းအရာဖြစ်ပြီး ၎င်းတို့နှင့် မိတ်ဖက်ဖွဲ့မှုမှတဆင့် ပံ့ပိုးမှုလိုအပ်နေသော လူမှုကူညီရေးအဖွဲ့အစည်းများနှင့် စီမံအုပ်ချုပ်ရေးတွင် ပါဝင်လှုပ်ရှားနေသူများအား ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ဒေသအခြေအနေ အလိုက်လှုပ်ရှားဆောင်ရွက်နေသော ရှိရင်းစွဲ လူမှုအထောက်အကူပြုအဖွဲ့များ/လှုပ်ရှားဆောင်ရွက် သူများအား ရင်းမြစ်များပံ့ပိုး၍ အထောက်အကူပေးသည့် နည်းလမ်းကို လုပ်ဆောင်ခြင်းဖြင့် ပို၍လက်တွေ့ကျသော လုပ်ငန်းစဉ်များကို ချမှတ်နိုင်ပြီး ပိုမိုကောင်းမွန်သော ရလဒ်များကို ရရှိစေမည်ဖြစ်သည်။ အာဏာသိမ်းကာလအလွန် ခုခံတွန်းလှန်မှုများမှာ ဒေသအခြေပြုပုံစံဖြစ်ပြီး NUG အနေဖြင့် ဒေသခံအဖွဲ့အစည်းများနှင့် မိတ်ဖက်ဖွဲ့လုပ်ဆောင်ခြင်းဖြင့် အရင်းအမြစ်များ အကန့်အသတ်ဖြင့်သာရှိနေသော ၎င်းအနေဖြင့် မျှော်မှန်းရလဒ်များ ဖော်ဆောင်ရေးအတွက် ၎င်း၏ ဂတိကဝတ်/စစ်မှန်မှုကို ဖော်ပြရာရောက်ပြီး  လူမှုအခြေပြုစီမံအုပ်ချုပ်မှုပုံစံများဖော်ဆောင်ရာတွင် NUG အပေါ်ပို၍ လက်တွေ့ကျသော လူထုမျှော်မှန်းချက်များကို ဖြစ်ပေါ်စေမည် ဖြစ်သည်။ ဗဟိုထိန်းချုပ်မှုသည် မြန်မာနိုင်ငံ၏  စီမံအုပ်ချုပ်မှုစနစ်တွင် အတိုင်းဆလွန် များပြားနေခဲ့ပြီးဖြစ်ရာ ဒေသစီမံအုပ်ချုပ်မှုပုံစံများကို ပုံတူပွား၍ အကောင်ထည်ဖော်ဆောင်ခြင်းမျိုး မပြုလုပ်သင့်ပေ။ ယင်းအစား ခုခံတွန်းလှန်မှုဖြစ်စဉ်အား အလွန်ကောင်းသော အခွင့်အလမ်းအဖြစ်ရှုမြင်၍ ဗဟိုချုပ်ကိုင်မှုလျော့နည်း/ချသော စီမံအုပ်ချုပ်မှု ပုံစံများအဖြစ် စမ်းသပ်ဖော်ဆောင်သင့်ပေသည်။

ဒေသအဆင့် လှုပ်ရှားဆောင်ရွက်နေသူများအား ပံ့ပိုးကူညီရာတွင် NUG နည်းတူပင် နိုင်ငံတကာနှင့် ပြည်တွင်း အလှူရှင်များသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍတွင် ရှိနေသည်။ လူသားချင်း စာနာထောက်ကူရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးသူများအား အလှူရှင်များက ပံ့ပိုးကူညီမှုပေးသည့် ပုံစံသည်လည်း ဒေသအဆင့် ပြည်နယ်တိုင်းဒေသကြီး အခြေအနေများနှင့် လူမှုရေးကဏ္ဍအပေါ် နက်နက်ရှိုင်း ရှိုင်းနားလည်သဘောပေါက်မှုအပေါ် အခြေခံ တည်ဆောက်ထားရမည်ဖြစ်သည်။ လူမှုရေးနှင့် လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ပံ့ပိုးကူညီမှုများပေးလိုသော အလှူရှင်များအတွက် နည်းလမ်းတစ်ခုမှာ (၂၀၁၁ - ၂၀၂၁ ခုနှစ်) အရပ်သားအုပ်ချုပ်သည့် ဆယ်စုနှစ်အတွင်း နက်ရှိုင်းလာခဲ့သော နိုင်ငံတကာအလှူရှင်များနှင့် လူမှုရေးရာဝန်ဆောင်မှုပေးသော တိုင်းရင်းသားအဖွဲ့များအကြား ရှိရင်းစွဲ မိတ်ဖက်ဆောင်ရွက်မှုကို ပိုမို

ချဲ့ထွင်၍ ဆောင်ရွက်ရန်ပင်ဖြစ်သည်။ ကချင်လွတ်လပ်ရေးအဖွဲ့ချုပ် (KIO) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့ကဲ့သို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မြန်မာနိုင်ငံအတွင်း တော်လှန်နယ်မြေများတွင် ဒေသတွင်း အရပ်ဖက်အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုလျက် ကျန်းမာရေးနှင့် ပညာရေးစနစ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်မှာ ဆယ်စုနှစ်များစွာ ရှိပြီဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အာဏာသိမ်းကာလအလွန် အတွေ့အကြုံများအရ KIO ကဲ့သို့သော EAO များသည် ဒေသတွင်း ပြည်သူ့ကာကွယ်ရေးအဖွဲ့များ (PDF) နှင့် စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသလို NUG နှင့် ချိတ်ဆက်ဆောင်ရွက်နေကြသော ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များ (PAB) ၏ စစ်အတွင်းအုပ်ချုပ်ရေး ဖွဲ့စည်းတည်ဆောက်မှုပုံစံများကိုလည်း ထောက်ကူပေးလျက်ရှိသည်။ သို့ဖြစ်ရာ ၄င်းတိုင်းရင်းသား လူမှုကူညီရေးအဖွဲ့များ/ဌာနများအား အလှူရှင်ပံ့ပိုးမှုများကို တိုးချဲ့ခြင်း၊ ၎င်းတို့အား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ရှိရင်းစွဲ လုပ်ငန်းပိုင်းနှင့် ဘဏ္ဍာရေးပိုင်း ချိတ်ဆက်ဆောင်ရွက်နေမှုများမှတဆင့် သတ်မှတ်ထားသော တိုင်းဒေသကြီး/ပြည်နယ်များ၊ မြို့နယ်များရှိ တော်လှန်နယ်မြေသစ်များတွင် အရင်းမြစ်များပံ့ပိုးပေးခြင်းသည် အသစ်ပေါ်ပေါက်လာသော လူမှုအခြေပြုအုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုပေးသည့် စနစ်များကို ပံ့ပိုးထောက်ကူပေးနိုင်သည့် အရိုးရှင်းဆုံးသောနည်းလမ်းတစ်ခုပင် ဖြစ်ပေသည်။

နောက်ထပ်နည်းလမ်းတစ်ခုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် NUG ကဲ့သို့သော အုပ်ချုပ်ရေးအဖွဲ့၊ ချင်းပြည်နယ်တွင် ICNCC ကဲ့သို့သော ပြည်နယ်အဆင့်အဖွဲ့များနှင့် ကဏ္ဍအလိုက်အထူးပြုသော ရင်းမြစ်များနှင့် သင်တန်းများဆိုင်ရာ မိတ်ဖက်တည်ဆောက်ရန်ပင် ဖြစ်သည်။ အဆိုပါမိတ်ဖက်ဖွဲ့မှုကို ပြည်နယ်/တိုင်းဒေသကြီးအခြေပြု၍ ဖော်ဆောင်ပြီး ခရိုင်အလိုက် လုပ်ငန်းလည်ပတ်မှုအစီအမံများ ဖော်ဆောင်ကာ၊ မြို့နယ်နှင့် တိုက်နယ် နယ်မြေအခြေအနေအလိုက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုပေးသည့် စနစ်များတွင် ရင်းမြစ်များပံ့ပိုးခြင်း၊ နည်းပညာများပံ့ပိုးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ပိုကောင်းအောင် ဆောင်ရွက်နိုင်ပါက အထိရောက်ဆုံးဖြစ်မည်ဖြစ်သည်။

ပံ့ပိုးကူညီမှုများကို ရှိရင်းစွဲ တိုင်းရင်းသားလက်နက်ကိုင်များ (EAOs) နှင့် မိက်ဖက်ဖွဲ့ခြင်းများမှ ပံ့ပိုးခြင်းဖြစ်စေ၊ NUG ကဲ့သို့သော အုပ်ချုပ်ရေးအဖွဲ့မှတဆင့် တိုက်ရိုက်ပံ့ပိုးခြင်းဖြစ်စေ တော်လှန်နယ်မြေသစ်များရှိ လူမှုရေးဝန်ဆောင်မှုပေးသူများအား ရင်းမြစ်များနှင့် နည်းပညာထောက်ပံ့ခြင်းသည် ယင်းဒေသများ၏ စီမံအုပ်ချုပ်မှုပုံစံများနှင့် မတူကွဲပြားသည့် အခြေအနေ/ဒေသများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု ယန္တရားများ ပိုမို ခိုင်မာအားကောင်းရေးအတွက် အရေးပါမည်ဖြစ်သည်။ ဒေသတွင်း လူမှုရေးဝန်ဆောင်မှုပေးသူများအနေဖြင့် လက်နက်ကိုင်တော်လှန်ရေး အားကောင်းစေရန်အတွက်သာမက စစ်ကာလအတွင်း လူမှုအခြေပြုစီမံအုပ်ချုပ်ရေး စနစ်များ ထိရောက်မှုရှိစေရေးအတွက် ဒေသတွင်းမှ အလှူရှင်များနှင့် ရပ်ရွာအလိုက် စုပေါင်းလှူဒါန်း/ထည့်ဝင်မှုများအပေါ် အားထားနေရပြီး ထိုအကြောင်းကို စာတမ်း အမှတ် (၂) တွင် ဆက်လက်ဖော်ပြသွားမည် ဖြစ်သည်။ ထိုသို့မှီခိုအားထားရသော အကျိုးဆက်ရလဒ်အနေဖြင့် ဒေသတွင်း လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်မှု မြန်ဆန်ကောင်းမွန်သော်လည်း ဆင့်ကဲပြောင်းလဲလာနေသော စစ်ရေးအခြေအနေနှင့် တော်လှန်ရေးနှင့် အုပ်ချုပ်ရေးတာဝန်များကြား ပိုမိုရောထွေးမှုများပြားလာပြီး ကျေးရွာများ၊ မြို့နယ်များအနှံ့ လိုအပ်ချက်များကိုဖြည့်ဆည်း၍ ရင်းမြစ်များကို ပေါင်းစပ်ညှိနှိုင်းခွဲဝေပေးနိုင်စွမ်း နည်းပါးလာလျက်ရှိသည်။ ရှိရင်းစွဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) နှင့် မိတ်ဖက်ဖွဲ့ဆောင်ရွက်ခြင်းဖြစ်စေ၊ NUG ကဲ့သို့သော အုပ်ချုပ်ရေးအဖွဲ့များမှတဆင့်ဖြစ်စေ နိုင်ငံတကာအလှူရှင်များ/အဖွဲ့အစည်းများအနေဖြင့် ရင်းမြစ်များပံ့ပိုးခြင်း၊ ဆက်သွယ်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများ စီမံဆောင်ရွက်စေနိုင်မည့် ယန္တရားသစ်များကို လမ်းဖွင့်ပေးနိုင်ပြီး ဒေသတွင်းအခြေအနေနှင့် ကိုက်ညီသော ပံ့ပိုးကူညီမှုများအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်သည်။ အထူးသဖြင့် အရေးကြီးသော လူသားချင်းစာနာ ထောက်ထားမှုအကူအညီများနှင့် လူမှုဝန်ဆောင်မှုများကို ဖြည့်ဆည်းနိုင်မည်ဖြစ်ပြီး လူမှုအခြေပြုစီမံအုပ်ချုပ်ရေးကိစ္စများတွင် အရပ်ဘက်နှင့် စစ်ဘက်တာဝန်များကို ခွဲခြားဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေမည်ဖြစ်သည်။